# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၀၄)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရမည်းသင်းမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၃၀**

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီး

စာမျက်နှာ ၆ ကော်လံ ၁ ♦

### ဆောင်းပါး

**အိမ်နီးချင်းတပ်မတော်၏ တည်ဆောက်ထုဆစ် (၉၇)နှစ်**

------
အမောင်
------

စာ - ၁၂ သို့

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နှင့်တိုက်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

စာ - ၁၄ သို့

## (၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ(ဒုတိယနေ့)ကျင်းပ

စာ - ၁၆ သို့

**နေပြည်တော် ဇူလိုင် ၃၀**   **မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | | | | |
|---|---|---|---|---|
| ကျိုက္ကမိ | ၅ | ဒသမ | ၄၃ | လက်မ |
| စစ်တွေ | ၄ | ဒသမ | ၈၀ | လက်မ |
| နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၃ | ဒသမ | ၇၈ | လက်မ |
| နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) | ၃ | ဒသမ | ၆၆ | လက်မ |
| သထုံ | ၃ | ဒသမ | ၅၈ | လက်မ |
| ကမမောင်း | ၃ | ဒသမ | ၁၉ | လက်မ |




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၃၁ ရက်)

# နိုင်ငံ့စီးပွားအလေးထားဆောင်ရွက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများစီးပွားရေးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံများရှိအစိုးရများအနေဖြင့် ပြည်သူများ၏စီးပွားရေးတိုးတက်မှုကို လိုလားကြသလို မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ပြည်သူတို့၏ လူမှုစီးပွားမြင့်မားရေးကို အထူးလိုလားသည်။ နိုင်ငံ့စီးပွားရေးအားကောင်းအောင်ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်ရေးများကိုလည်း ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုပိုမိုတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့်ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းများအတိုင်းထွက်ရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆီထွက်သီးနှံများတွင် မြေပဲနှင့်နှမ်းတို့ကို ရိုးရာမုန့်ပဲသရေစာအနေဖြင့် စားသုံးသကဲ့သို့ ပြည်ပသို့ကုန်ကြမ်းများအတိုင်းတင်ပို့ကြသည်ကိုတွေ့ရှိရသည်။ မြေပဲ၊ နှမ်းတို့အပြင် အခြားဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပဲပုပ်၊ ဆီအုန်းတို့ကိုလည်း အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်၊ အာလူးစသည့် အခြေခံစားကုန်သီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။

မွေးမြူရေးနှင့်ပတ်သက်၍ အဓိကစားသုံးသည့်အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်နှင့်နွားများကိုလည်း စနစ်တကျဖြင့် ကျွေးမွေးခြင်း၊ ခြံလှောင်မွေးမြူခြင်းဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ ပိုမိုအောင်မြင်မည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အထွက်နှုန်းများတိုးတက်စေရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်း(၄)သွယ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသန္တရမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြားနိုင်ငံများမှလုပ်ဆောင်လျက်ရှိသည့် အထွက်နှုန်းတိုးစေမည့်နည်းလမ်းများကိုလည်း အတုယူဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့်စက်မှုလုပ်ငန်းများကိုပိုမိုလည်ပတ်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်းတိုးတက်လာပေမည်။ စီးပွားရေးလုပ်ငန်းများအောင်မြင်တိုးတက်ခြင်းကြောင့် နိုင်ငံတော်၏ GDP သည်လည်း တိုးတက်လာနိုင်မည်ဖြစ်သည်။ တကယ်ဖြစ်ချင်တကယ်လုပ်အဟုတ်ဖြစ်ရမည်ဆိုသည့်အတိုင်း မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများအောင်မြင်အောင် လုပ်ဆောင်နိုင်ကြမည်ဆိုပါက နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ လူမှုဘဝများဖွံ့ဖြိုးရေးကို အမှန်တကယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ခြင်းဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တိုးတက်အောင်ဆောင်ရွက်ကြရမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၂၉ ရက်ကကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄)သို့တက်ရောက်အမှာစကားပြောကြားစဉ် “MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့သွားရောက်၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် တိုးတက်လျက်ရှိသည်ကိုလည်းတွေ့ရကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် SME လုပ်ငန်းများကို ကဏ္ဍများစွာ၌ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသောက်ကုန်များကိုသာမက အခြားလူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စားသောက်ကုန်များနှင့်လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအားပေးဆောင်ရွက်သွားရန်မှာကြားလိုကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာတွင် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍လည်း ပညာတတ်များမွေးထုတ်ပေးလျက်ရှိသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုအထက်တန်းကျောင်းများသို့ ဆက်လက်တက်ရောက်ပညာသင်ကြားနိုင်ရေးစီစဉ်ပေးထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့် ထူးချွန်စွာအောင်မြင်မည်ဆိုပါက တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်နိုင်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကိုတွေ့ရကြောင်း နိုင်ငံတော်အကြီးအကဲကမိန့်ဆိုထားသည်။ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့်လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်းစုဖွဲ့ဆောင်ရွက်ရသည့်အသင်းအဖွဲ့စနစ်တစ်ခုဖြစ်သည်။ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သမဝါယမအသင်းများဖွဲ့စည်း၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့်လည်း အရည်အသွေးပြည့်မီသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့်တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

---

ပွင့်ဖြူ ဇူလိုင် ၃၀

## ပွင့်ဖြူမြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေး ဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာဓမ္မာရုံ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဟောပြောပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရွေးချယ်ဖွဲ့စည်းခြင်းကို ဇူလိုင်လ ၂၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌ ဦးမြင့်အောင်က မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုပစ္စည်းများ တောင်သူများ အဆင်ပြေစွာဝယ်ယူရရှိရေးကူညီပေးခြင်း၊ အတိုးနှုန်းသက်သာသော ချေးငွေများရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးပညာပေးခြင်း၊ စားသုံးသူ ဘေးကင်းလုံခြုံသော သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး အသိပညာမျှဝေခြင်း၊ လိုအပ်ချက်အရ တောင်သူများကိုယ်တိုင်မျိုးစေ့ထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းစသည့် တောင်သူအကျိုးဆောင်အသင်း၏ ရည်မှန်းချက်လုပ်ငန်းစဉ် (၇)ရပ်ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်လုံးကျော်ကျေးရွာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်လာသည့် ဒေသခံတောင်သူများ၏ အများသဘောဆန္ဒဖြင့် တောင်သူအကျိုးဆောင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလုပ်အမှုဆောင်အဖွဲ့ဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

---

နေပြည်တော် ဇူလိုင် ၃၀

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်တို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ (ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ(ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၁ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၄၀ မျိုးချစ်တပ်မတော်
၅။ ၈း၄၅ ဇာတ်လမ်းတို
၆။ ၉း၂၅ ရှေးဟောင်းသုတ
၇။ ၁၁း၂၅ သီချင်းလက်ဆောင်
၈။ ၁၂း၀၀ ခရီးလည်းသွားစကားလည်းဆို
၉။ ၁၆း၅၀ ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ
၁၀။ ၁၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ ၁၈း၁၀ အမျိုးသားရေးတေးကဗျာ
၁၂။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**-အနှစ်စံစစ်မှန်သောအဖြေ**
**သရုပ်ဆောင်ဖြိုးမွန်ကျော်၊ သဥ္ဇာမြင့်မိုရ်**
**ဒါရိုက်တာ ဟန်စိုး(မြင့်ကျိုး)**

---

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၃၄၃၉၉၈၊ ဖက်စ် ၀၆၇-၃၄၉၉၉/၀၆၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၃၄၀၀၆၊ ၀၆၇-၃၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ကျောက်ဆည်၊ လူငယ်ရေးရာ

# ကျောက်ဆည်မြို့နယ် မင်းစုအခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ အသိပညာဗဟုသုတပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇူလိုင်လ ၁၀ ရက်တွင် မင်းစုအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မင်းစုအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးကိုယ်စား အထက်တန်းပြဆရာမကြီး ဒေါ်ဝင်းဝင်းက စာအုပ်စာပေလူ့မိတ်ဆွေဆိုသည့်အတိုင်း ပြင်ပဗဟုသုတရရှိစေမည့် စာပေများကိုလည်း ရှာဖွေဖတ်ရှုခြင်းဖြင့် အတွေးအခေါ်များ မြင့်မားလာမည်ဖြစ်ကြောင်း၊ ပြင်ပစာပေများဖတ်ရှုခြင်းသည် ကျောင်းစာပေများ သင်ယူရာတွင် များစွာအထောက်အကူဖြစ်စေကြောင်း အမှာစကားပြောကြားသည်။ ယင်းနောက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ဦးဆောင်ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ Grade-10 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မရွှေစင်ထွန်းက လူငယ်နှင့်ကျန်းမာရေး၊ မအိမ့်ဖုန်းသခင်က လူငယ်နှင့်ယဉ်ကျေးမှု၊ မနှင်းရွှေရည်ဝင်းက လူငယ်နှင့်မူးယစ်ဆေးဝါး၊ မောင်ကျော်ဇင်ထက်က လူငယ်နှင့်နည်းပညာ၊ မောင်စိုင်းခန့်ဇော်က လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)ကျောက်ဆည်**

မန္တလေး၊ စီးပွားရေး

# မန္တလေးပဲဈေးကွက်၌ စားတော်ပဲများ အရောင်းအဝယ်သွက်လျက်ရှိ



မန္တလေးပဲဈေးကွက်၌ ယခုရက်ပိုင်းအတွင်း စားတော်ပဲများ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

ပြည်တွင်း၌ စားတော်ပဲစိုက်ပျိုးမှုများပြားလာပြီး အထွက်နှုန်းကောင်းမွန်ကာ ပြည်တွင်းစားသုံးမှု ပိုမိုများပြားလာခြင်းကြောင့် ယခုကဲ့သို့ စားတော်ပဲများ အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

စားတော်ပဲသည် ပြည်တွင်းစားသုံးမှုများပြားကာ ဈေးကွက်ခိုင်မာသောသီးနှံဖြစ်သောကြောင့် စားတော်ပဲစိုက်တောင်သူများအနေဖြင့် နှစ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း၊ စားတော်ပဲကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလေ့ရှိပြီး စားတော်ပဲစိုက်ပျိုးသော ဒေသများ၌ မြေအောက်ရေ၊ ရေသွင်းစနစ်တို့ဖြင့် တန်ဆောင်မုန်းလဆန်းတွင် စတင်စိုက်ပျိုးကြကာ တပေါင်းလဆန်းပိုင်းတွင် သီးနှံများ ရိတ်သိမ်းကြကြောင်း သိရသည်။

ပြည်တွင်း၌ ပေါင်းခံပြုတ်ထားသော စားတော်ပဲပြုတ်ကို ထမင်းကြော်၊ ထမင်းဆီဆမ်း၊ နံပြား၊ အီကြာကွေးတို့နှင့် တွဲဖက်စားသုံးကြသကဲ့သို့ ပဲပြုတ်သုပ်၊ ပဲပြုတ်ကြော် စသည့်ဟင်းလျာများအဖြစ်လည်း စားသုံးကြကြောင်း၊ ထို့ပြင် မြန်မာ့ရိုးရာမုန့်ပဲသရေစာများဖြစ်သော ရေမုန့်၊ မုန့်လင်မယား၊ ကောက်ညှင်းပေါင်းနှင့် လမ်းသရဲမုန့် စသည်တို့တွင်လည်း ပဲပြုတ်ထည့်ပြီး ပြုလုပ်စားသုံးကြကြောင်း သိရသည်။

**ဆောင်းဦး**

မင်းကင်း၊ စိုက်ပျိုးရေး

# မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၉၂၃၅ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၉၂၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မင်းကင်းမြို့နယ်၌ မိုးစပါး ၃၂၈၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၉၂၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်မှာ မိုးစပါးဧက ၃၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားဧကပြည့်မီအောင် လိုအပ်တဲ့ နည်းပညာတွေနဲ့ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်နေပါတယ်” ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောသည်။


ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မင်းကင်းမြို့နယ်၌ မိုးစပါး ၃၂၅၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့သည်။

ယခုနှစ်တွင် မင်းကင်းမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မိုးစပါးစိုက်ပျိုးရာတွင် ဆင်းဧကရီ (၃)၊ ရောမင်း၊ မှော်ဘီ(၂)၊ ဒေသစပါးမျိုးများကို စိုက်ပျိုးကြပြီး မိုးစပါးများကို ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ သဘာဝရေဝင်တို့ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ်တွင် မင်းကင်းမြို့နယ်၌ မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန် စသည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(၄၀၉)**

မြဝတီ ကာတွန်း



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

သံမဏိဂိတ်ကြီး၏အောက်ခြေအထိုင် Gate Slot ထဲတွင် ကျောက်တုံး၊ ကျောက်ခဲ၊ သဲများရှိနေလျှင်လည်း ဂိတ်ချပြီးချိန် ရေမလုံဘဲဖြစ်မည်။ ရေစီးနေသည့်အဝင်ဝတွင် ဤကျောက်ခဲနှင့်သဲကို လူဖြင့်ဆင်း၍ ဖယ်ရှားရန် မစဉ်းစားနှင့်၊ ရေစီးက ဥမင်လိုဏ်အဝတွင် အလွန်သန်သည်။ လူအန္တရာယ်များသည်။ ဥမင်လိုဏ်ထဲ လူပါသွားပါက အထွက်တွင် ရေငြိမ်ကန် (Stilling Basin) ထဲပြုတ်ကျမည်။

သံမဏိဂိတ်မချမီကပင် Slot ထဲမှ ကျောက်ခဲ၊ သဲများ ရှင်းထုတ်ပေးရန် သံမဏိလေပိုက်များကို ဂိတ်အောက်ခြေမျက်နှာပြင်နှင့်ကပ်၍ တစ်ပါတည်းဂဟေဆော်တွဲထားရသည်။ ဂိတ်နှင့်ကြမ်းထိခါနီးမှစ၍ လေစက်မောင်းပြီး ဂိတ်ကိုဖြည်းဖြည်းချရသည်။ အောက်ခြေကြမ်းနှင့် ဂိတ်နီးလာလေ၊ ရေစီးကိုတားမိလေ ရေကမြင့်တက်လာလေ၊ ကြမ်းနှင့် ဂိတ်ကြား ရေစီးသန်လာလေဖြစ်လာသည်။ ဤအခွင့်အရေးကိုအမိအရယူပြီး ဂိတ်အောက်ခြေမျက်နှာပြင်အနီးတွင် ကြိုတင်တပ်ဆင်ထားသောလေပိုက်များကိုအသုံးချ၍ Gate Slot များထဲသို့လေမှုတ်ပြီး ကျောက်ခဲများကို Slot ထဲမှ ရှင်းထုတ်သည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်၍ ဤအစီအစဉ်ကို အလေးအနက်ထားလုပ်ကြရသည်။

ဂိတ်ချမှုကိစ္စပြီးမြောက်ချိန်တွင် ဂိတ်တွင် မည်မျှကောင်းသောရေလုံရော်ဘာဆီးလ်(Rubber Water Seal)များ တစ်ပါတည်းတပ်ဆင်ထားပါစေ ရေအနည်းငယ်တော့ ယိုနိုင်သေးသည်။

ဂိတ်ချရုံနှင့် ရေပိတ်မှုကိစ္စက မပြီးသေးပါ။ ဥမင်လိုဏ်အောက်ဘက် (Downstream)မှဝင်၍ ဂိတ်၏နောက်ကျောဘက်တွင် ကြီးမားသော ကွန်ကရစ်ထုကို သွန်းလောင်းပြီး ရေလုံစေရန်နှင့် ဂိတ်ကြံ့ခိုင်စေရန် ဆောင်ရွက်ရပြန်သည်။

ဤကွန်ကရစ်ထုထည်မှာ များပြားပြီး နေရာကျဉ်းကျပ်၍ အချိန်ယူပိတ်ရသည်။ ဥမင်လိုဏ်အလျားမှာ ၉၆၈ ပေ ရှည်ပြီး အချင်း ၃၃ ပေရှိသည်။ ထိုဥမင်လိုဏ်ထဲသို့ အောက်ဘက်(Downstream)မှ လူနှင့် ကိရိယာများသွင်းပြီး ဂိတ်နောက်ကျောဘက်တွင် ကွန်ကရစ်လောင်းရမည်။ ကွန်ကရစ်ဖျော်စပ်လာသောယာဉ်များ၊ လူများ ဤတစ်ဖက်ပိတ်ထားသော ၉၆၈ ပေ အလျားကို ဝင်ရောက်ဆောင်ရွက်ရာတွင် အသက်ရှူမဝမှု၊ အလင်းရောင်မရရှိမှု စသည်တို့ဖြစ်ပေါ်နိုင်သည်။ ဤကိစ္စအတွက်လည်း ဥမင်လိုဏ်ထဲသို့ ပြင်ပလေမှုတ်သွင်းသည့်စနစ်များ၊ အလင်းရောင်အတွက် မီးကြိုးသွယ်တန်းထွန်းညှိရမှုများပါ ဆောင်ရွက်ကြရသည်။ ကွန်ကရစ်သွန်းလောင်းမည့်နေရာတွင် ဥမင်လိုဏ်နံရံနှင့် ကြမ်းများကို ကွန်ကရစ်အဟောင်းနှင့်အသစ်မြဲစေရန် နည်းမျိုးစုံသုံး၍ သန့်ရှင်းရေးလုပ်ကြရသည်။ ပြီးမှ ကွန်ကရစ်လောင်းသည်။

ပြင်ပတွင်ကဲ့သို့ လွတ်လွတ်လပ်လပ်သွန်းလောင်းရသည့် ကွန်ကရစ်မျိုးမဟုတ်။ ဥမင်လိုဏ်ခေါင်မိုးဘက်ရောက်လာလေ၊ လုပ်ရကိုင်ရသည့် ဧရိယာကျဉ်းကျပ်လာလေပင်။ မည်မျှပင်သေချာသည်ဆိုပါစေ၊ ဥမင်လိုဏ်ခေါင်မိုးပိုင်းနှင့်ထိစပ်မည့်နေရာတွင် ကွန်ကရစ်လောင်းရုံနှင့်တော့ ရေမလုံ



ရေလွှဲဥမင်လိုဏ်ဂိတ်ပိတ်ရန် ပြင်ဆင်နေကြစဉ်

မည်မှာ သေချာသည်။ ကွန်ကရစ်အသက်ရင့်အောင်စောင့်ပြီး ၎င်းခေါင်ပိုင်းဟာကွက်များပိတ်အောင် သံပိုက်များထိုးသွင်းကာ ဘိလပ်မြေနှင့်ရေအချိုးကျရောစပ်၍ ဖိသွင်းရပြန်သည်။ Contact Grouting ဟုလည်းခေါ်သည်။ ပစ္စည်း၊ လူမှအစ ကြိုတင်စီစဉ်ထားကြရသည်။ ဂိတ်၏နောက်ကျောဘက် ဥမင်လိုဏ်အတွင်း ၆၇ ပေ အထူရှိသော ကွန်ကရစ်ဖြင့်ပိတ်ခြင်း၊ ရေလုံအောင် ဘိလပ်မြေဖိသွင်းခြင်းအပါအဝင် ရေစတင်သိုလှောင်မှုလုပ်ငန်းစဉ်များကို ချောင်းရေအနည်းဆုံးအချိန် မတ်လမတိုင်မီ အပြီးဆောင်ရွက်ရမည်။

၂၀၁၂ ခုနှစ် ဖွန်လမှစ၍ အပြင်းအထန်ဆောင်ရွက်ခဲ့မှုများသည် ၁၀ လအကြာ ၂၀၁၃ ခုနှစ် ဧပြီလ ၂၄ ရက်တွင် ရွာပြောင်းရွှေ့မှုများ စတင်နိုင်ခဲ့ပြီ။ နောက်တစ်လအကြာ ၂၀၁၃ ခုနှစ် မေလ ၇ ရက်တွင် ကျေးရွာအုပ်စုတစ်စုကိုလည်းကောင်း၊ နောက်တစ်လအကြာ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် နောက်ထပ် ကျေးရွာအုပ်စုတစ်စုကိုလည်းကောင်း၊ ကျန်ရှိနေသည့်ရွာများအား ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင်လည်းကောင်း ပြီးစီးအောင် ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။

ဤတစ်နှစ်ခွဲအတွင်း လူနေအိမ်၊ ဘာသာရေးအဆောက်အအုံနှင့် စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ အုပ်ချုပ်ရေးရုံးများ၊ ဆရာ၊ ဆရာမနေအိမ်များ၊ ရေရရှိရေး၊ လမ်း၊ လျှပ်စစ်မီး ၃၃ ကေဗွီလိုင်း၊ ၁၁ ကေဗွီလိုင်း စသည်ဖြင့် အခြေခံများပါ တစ်ပြိုင်နက်တည်း အားလုံးပြီးစီးခဲ့သည်။

ဤနေရာတွင် အရေးကြီးသောအချက်တစ်ခုကျန်နေသည်။ ရွာသားများသည် မိုးနှောင်းသီးနှံများကို ၎င်းတို့၏ရွာဟောင်းတွင် စိုက်ပျိုးထားကြရာ အိမ်ရာများပြောင်းရွှေ့ပြီးချိန်တွင် ရိတ်သိမ်းချိန်မကျသေးသည့်အချက်ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမတိုင်မီ ရွာများသာပြောင်းခဲ့သော်လည်း စိုက်ပျိုးထားသည့် လယ်၊ ယာများ ရိတ်သိမ်းခြွေလှေ့ရန်၊ သယ်ယူရန် အချိန်နှစ်လခန့်ပေးရပါဦးမည်။ လယ်၊ ယာ ဧကမှာလည်း ထောင်ဂဏန်းဝန်းကျင်ဖြစ်သည်။

ရွာပြောင်းရွှေ့ခြင်းပြီးပြီဆိုပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ရေလှောင်လိုက်ပါက ရင့်မှည့်စပြုနေသည့်သီးနှံများ ဆုံးရှုံးတော့မည်။ သီးနှံဆုံးရှုံးမှုကို ငွေပေးလျော်ရုံနှင့်မပြည့်စုံပါ။ လယ်၊ ယာစိုက်ပျိုးရေးထွက်ကုန်သည် ဒေသတွင်းစားရေရိက္ခာဖူလုံရေး၊ သက်သာချောင်ချိစွာ ဝယ်ယူစားသုံးနိုင်ရေး စသည့်ကိစ္စများနှင့် တိုက်ရိုက်ချိတ်ဆက်နေသည်။ ထို့ပြင် ၎င်းတို့အတွက် ရွာသစ်သို့ပြောင်းရွှေ့ချိန်တွင် တစ်နှစ်စာရိက္ခာအတွက် အဆင်သင့်မဖြစ်ကြသေးပေ။ စိုက်ပျိုးထားသည့်လယ်ယာထွက်ကုန်မှာ ၎င်းတို့အတွက် တန်ဖိုးရှိသည်။ ဤလယ်၊ ယာထွက်ကုန်ကို လက်လွှတ်ခံ၍ မဖြစ်ဟု စဉ်းစားမိသည်။ မဖြစ်မနေရိတ်သိမ်းပြီးသည်အထိ စောင့်ရမည်။ လိုအပ်သည်များ ပံ့ပိုးရမည်။ ကူညီသယ်ဆောင်ပေးရမည်ဟု စဉ်းစားခဲ့သည်။

သို့သော် တစ်ဖက်တွင်လည်း တမံစခန်းတွင် ရေပိတ်ပြီးမှဆောင်ရွက်ရမည့် ချောင်းအောက်ပိုင်း တူးဖော်ရှင်းလင်းရေးကိစ္စများကလည်း ရှိနေသည်။ ၎င်းကိစ္စမှာ မိုးကျသွားလျှင် လုပ်မရပေ။ အချိန်နှစ်လခန့်ပေး၍ လုပ်ရမည့်ကိစ္စလည်းဖြစ်သည်။

တစ်ဖက်တွင်လည်း ဤနှစ် ရေမလှောင်နိုင်ခဲ့လျှင် တစ်နှစ်စာရေရရှိမှု နောက်ကျပြီး ဓာတ်အားထုတ်လုပ်မှု ထိခိုက်နိုင်သည်။ စီမံကိန်းတွင်လည်း ဥရောပပညာရှင်များက ကျွမ်းကျင်မှုဆိုင်ရာများ တာဝန်ခံ၍ကြီးကြပ်နေသလို တရုတ်ပညာရှင်များကလည်း လျှပ်စစ်ပစ္စည်းများတပ်ဆင်ရာတွင် အရှိန်မြှင့်၍ဆောင်ရွက်နေသည်။ ဤသို့ဖြစ်နေအောင်လည်း အဆင့်ဆင့်က တွန်းအားပေးနေကြသည်။

စက်စမ်းသပ်လည်ပတ်ချိန်ရောက်မှ ရေလှောင်ကန်တွင်း သတ်မှတ်ရေမှတ်ထိ ရေမရောက်သေးပါက စက်လည်ပတ်ရန် အခက်အခဲများရှိလာနိုင်သည်။ စကားပြောကြရတော့မည်။ တစ်ဖက်က နိုင်ငံခြားသားများ ပါနေသလို တစ်ဖက်ကလည်း တစ်တိုင်းပြည်လုံး ဓာတ်အားမလုံလောက်မှုကို အမြန်ဆုံးဖြေရှင်းပေးရမည့်ကိစ္စကလည်း ရှိနေပြန်သည်။ နိုင်ငံတော်အဆင့်ကလည်း စက်တွေလည်ပတ်ပြီး ဓာတ်အားပေးမည့် အချိန်နေ့ရက်ကို အချိန်နှင့်အမျှ စိတ်ဝင်စားနေသည်။ ဆင်ခြေပေးပြီး စမ်းသပ်လည်ပတ်မှုနောက်ဆုတ်ရန်မှာ လက်ခံနိုင်စရာမဟုတ်။ ဤပြဿနာအားလုံးသည် ၎င်းကာလတွင်တာဝန်ရှိသည့် ဒုတိယဝန်ကြီး(စာရေးသူ)၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သုံးဦးထံ လုံးဝကျလာပြီဖြစ်သည်။

သုံးဦးစလုံးကလည်း ညီသည်။ သီးနှံများလည်း မဆုံးရှုံးစေရ။ မိုးမကျမီ ရေလှောင်မှုလည်း စတင်နိုင်ရမည်ဟု ဆုံးဖြတ်ကြသည်။ ညွှန်ကြားရေးမှူးချုပ်က ရေဝပ်ဧရိယာကျေးရွာများမှ သီးနှံများရိတ်သိမ်းရေး၊ သယ်ယူရေးအောင်မြင်အောင် တာဝန်ယူသည်။ စာရေးသူနှင့်ဒုတိယညွှန်ကြားရေးမှူးချုပ် (ယခင်စီမံကိန်းညွှန်ကြားရေးမှူး)တို့က စီမံကိန်းလုပ်ငန်းခွင်သို့သွား၍ လုပ်ငန်းများကို အသေးစိတ်ကြည့်ပြီး ဆိုင်ရာပုဂ္ဂိုလ်အသီးသီးနှင့်ညှိနှိုင်းသည်။

R.C.C တမံ ကွန်ကရစ်သွန်းလောင်းမှုမှာ ၂၉-၁၂-၂၀၁၃ ရက်တွင် ပြီးစီးခဲ့ပြီဖြစ်သည်။ သို့သော် တမံအောက်ဘက် (Downstream) ချောင်းတစ်လျှောက် ရှင်းလင်းရမည့်လုပ်ငန်းများကို နှစ်လခန့်ဆောင်ရွက်ရဦးမည်။ ဤကိစ္စအားလုံး မိုးမကျမီပြီးစီးရေးအတွက် ဥမင်လိုဏ်ဖြင့် ယာယီလွှဲထားသည့်ရေကို စောနိုင်သမျှ စော၍ပိတ်မှ ဖြစ်တော့မည်။

**ဆက်လက်ဖော်ပြပါမည်။**

---

**ရပ်စောက်၊ စာပေရေးရာ**

# ရပ်စောက်မြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ဇူလိုင်လ ၂၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်)မှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ သီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် အခြေခံပညာအထက်တန်းအဆင့် စကားရည်လုပြိုင်ပွဲကို ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



**ချမ်းမြေ့**

မိုးနဲ၊ စိုက်ပျိုးရေး

# မိုးနဲမြို့နယ် လုံစံကျေးရွာရှိ ဆီထွက်သီးနှံ နေကြာမျိုးစေ့ထုတ်စိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်းဆောင်ရွက်



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု လုံစံကျေးရွာရှိ ဆီထွက်သီးနှံ နေကြာမျိုးစေ့ထုတ်စိုက်ခင်းငါးဧက၌ မျိုးကွဲနုတ်ပယ်ခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇူလိုင်လ ၃၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက မျိုးစေ့ထုတ်စိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်းဆောင်ရွက်မှုကို ကြည့်ရှုလေ့လာကြသည့် တောင်သူများအား မျိုးကွဲနုတ်ပယ်သည့်နည်းစနစ်များ၊ အပင်ဖြစ်ထွန်းမှု၊ ပိုးမွှားကျရောက်မှုရှိ၊ မရှိ စစ်ဆေးကြည့်ရှုနည်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စိုက်ခင်းများအတွင်း မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို လက်တွေ့ပြသကြသည်။

မျိုးစေ့ထုတ်စိုက်ခင်းများ၌ မျိုးကွဲနုတ်ပယ်ပေးခြင်းအားဖြင့် တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ခြင်း၊ ထွက်ရှိလာမည့် နေကြာအရည်အသွေးကောင်းမွန်ခြင်း၊ ဈေးကောင်းရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း၊ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို ပန်းပွင့်ကာလနှင့် သီးနှံရင့်မှည့်ချိန်ကာလများတွင် လုပ်ဆောင်ရကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

မအူပင်၊ ကျေးလက်ဖွံ့ဖြိုးရေး

# မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လေးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်အဖြစ် ဇူလိုင်လ ၃၀ ရက်တွင် အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းများ သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လေးအိမ်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း ၁၃၉ ဦးတို့အတွက် ငွေကျပ်သိန်း ၃၀၀ ကို အသင်းသား၊ အသင်းသူများလက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**ကိုလှိုင်**

မြောင်၊ စိုက်ပျိုးရေး

# မြောင်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၆၁၅၅ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၆၁၅၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်မြို့နယ်၌ မြေပဲ ၁၅၀၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၆၁၅၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"မြောင်မြို့နယ်မှာ မိုးမြေပဲဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ မြေပဲလျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်စေဖို့ ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသလို အောင်မြင်ဖြစ်ထွန်းမှုလည်းရှိပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်ကပြောသည်။

မြောင်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာနှင့် ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျမှုရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန် စိုက်ခင်းများအရောက် ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)




တောင်ငူ၊ သဘာဝဘေးကာကွယ်ရေး

# တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ငလျင်ဘေးအန္တရာယ်သတိပေးဇာတ်တိုက်လေ့ကျင့်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ငလျင်ဘေးအန္တရာယ်သတိပေးဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင်လ ၃၀ ရက်တွင် တောင်ငူမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က "ကမ္ဘာကြီးပူနွေးလာမှုနဲ့အတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှုကြောင့် ကမ္ဘာတစ်ဝန်းမှာဆိုရင် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ခံစားနေကြရပါတယ်။ မြန်မာနိုင်ငံမှာလည်း မီးဘေး၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး စတဲ့သဘာဝဘေးအန္တရာယ်တွေအပါအဝင် ငလျင်ဘေးကိုလည်း တွေ့ကြုံခံစားနေကြရပါတယ်။ ရန်ကုန်၊ ပဲခူး၊ နေပြည်တော်၊ ပျဉ်းမနား စတဲ့မြို့တွေက စစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက် တည်ရှိနေတာဖြစ်တဲ့အတွက် အခုလို ငလျင်သတိပေးဇာတ်တိုက်လေ့ကျင့်မှုတွေပြုလုပ်ထားဖို့ အထူးလိုအပ်ပါတယ်" ဟု အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ပရဟိတအသင်းအဖွဲ့များမှ အဖွဲ့ဝင် ၃၅ ဦး စုစုပေါင်း ၇၀ ဦးက ငလျင်ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံအတွင်း ဒဏ်ရာရရှိသူများအား ကူညီကယ်ဆယ်မှု သရုပ်ပြခြင်းကို ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦးခန့်က ကြည့်ရှုကြသည်။

ယင်းနောက် တောင်ငူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာထွေးက သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးကာ ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ချမ်းမြေ့**



♦ **ရှေ့ဖုံးမှအဆက်**

အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် ဦးရွှေရိုး၊ ဒေါ်မိုးအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာ တိုးတက်စေရမည်"** Video Clip ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နိုင်ငံတစ်ဝန်းလုံးတွင် စီစဉ်ကျင်းပပေးလျက်ရှိကြောင်း၊ ယခု စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များမှသည် စာပေလေ့လာဖတ်ရှုသည့် အလေ့အထကောင်းများပေါ်ပေါက်လာအောင် မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရမည်းသင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်းငါးစုံနှင့် DVB T2 Set Top Box ၁၅ လုံးတို့အား ပေးအပ်လှူဒါန်းရာ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"အလှဆုံးပန်းများ ပွင့်ကြပြီ"**သီချင်းဖြင့် ဖျော်ဖြေကြပြီး ရုပ်ရှင်အနုပညာရှင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က **"စာစုံဖတ်မယ် ကျောင်းသားအရွယ်"**ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။



ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ဘက်စုံပညာရည် တို့လှမ်းချီ"**သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၃၀

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဗဟိုကော်မတီဝင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် State Academy၊ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် Myanmar Tourism Development Board သို့မဟုတ် Authority တစ်ခု တည်ထောင်ရန် လိုအပ်ချက် ရှိ၊ မရှိနှင့် စပ်လျဉ်းပြီး အရေးပါသည့်ခေါင်းစဉ်ငါးခုကို ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Tourism Development Board ၏ လုပ်ငန်းယန္တရား စနစ်တကျပေါ်ထွက်လာပြီး



လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကိုဖော်ထုတ်နိုင်ရန်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးကြမည့်အကြောင်းအရာများနှင့် အဖွဲ့အလိုက် ဆွေးနွေးကြမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဖွဲ့ငါးဖွဲ့မှ ကိုယ်စားလှယ်များက MTDB ၏ အမည်၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းတာဝန်များ၊ MTDB ၏ ဖွဲ့စည်းပုံ၊ MTDB ဥပဒေရေးဆွဲပြုစုရေးနှင့်ဥပဒေတွင်ထည့်သွင်းရမည့်ကိစ္စရပ်များ၊ MTDB ၏စီမံကိန်းများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် MTDB ၏ ဘဏ္ဍာငွေ အရင်းအမြစ်များရရှိခြင်း၊ ထိန်းသိမ်းခြင်းနှင့်သုံးစွဲခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အလုပ်ရုံဆွေးနွေးပွဲ၏ရလဒ်များကိုဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၃၀

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၉ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇူလိုင်လ ၂၃ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသောအသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

မင်းဘူး၊ စိုက်ပျိုးရေး

## ကောက်စိုက်စက်နှစ်မျိုးကိုအသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ



မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ရိုးကြီးကျေးရွာ ကွင်းအမှတ် ၁၂၉၆ ရှိ ဒေသခံတောင်သူ ဦးဝင်းတင်၏ လယ်မြေအတွင်း၌ Kubota ခြောက်တန်းသွားကောက်စိုက်စက်နှင့် အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက်နှစ်မျိုးကို အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဇူလိုင်လ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မင်းဘူးမြို့ အမှတ်(၈) စက်မှုလယ်ယာစခန်းမှ လယ်ယာသုံးစက်ကိရိယာများပံ့ပိုးကူညီ၍ ရိုးကြီးကျေးရွာမှ ဒေသခံတောင်သူ ဦးဝင်းတင်၏ လယ်မြေသုံးဧကအတွင်း မြေအောက်ရေသုံးဆိုလာရေတင်စနစ်ဖြင့် မိုးစပါး တစ်ဧကကို စပါးမျိုးစေ့ ၁၄ ပြည်ခန့် ပျိုးထောင်ကာ စက်သုံးဆီ ဒီဇယ် သုံးဂါလန် အသုံးပြု၍ Kubota ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် ပင်ကြားအကွာအဝေး (၄ လက်မမှ ၈ လက်မအထိ)၊ တန်းကြားအကွာအဝေး ၁၁ လက်မနှုန်း၊ အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် ပင်ကြားအကွာအဝေး (၄ လက်မမှ ၇ လက်မအထိ)၊ တန်းကြားအကွာအဝေး ၉ လက်မနှုန်းဖြင့် တောင်သူစိတ်ကြိုက်လိုအပ်သလိုချိန်ညှိ၍ လက်တွေ့စိုက်ပျိုးကြသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများကို ရင်းနှီးကျွမ်းဝင်ပြီး တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းပြီးဆောင်ရွက်ပါက လုပ်သားအင်အားကုန်ကျမှုနှင့် လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ကာ အချိန်တိုအတွင်း စိုက်ဧကများစွာကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်ခြင်းစသည့် ကောင်းကျိုးများစွာ ရရှိစေနိုင်သည့်အတွက် ယခုလို တောင်သူပညာပေး ကွင်းသရုပ်ပြ စိုက်ပျိုးရခြင်းဖြစ်ကြောင်းသိရသည်။**မောင်မောင်(မင်းဘူး)**

ရွှေတောင်၊ စိုက်ပျိုးရေး

## ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၄၇၃၁၅ ဧကစိုက်ပျိုးပြီးစီး

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါး ၅၈၁၆၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ရာ ဇူလိုင်လ ၂၉ ရက်အထိ ၄၇၃၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေတောင်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများအသုံးပြု၍ မိုးစပါးများစိုက်ပျိုးရာတွင် ရတနာတိုး ၃၅၈၉ ဧက၊ အင်းမရဲဘော် ၄၈၁၆ ဧက၊ မှော်ဘီ(၂) ၁၇၆၅၇ ဧက၊ ရဲဘော်လတ် ၁၇၉၈၃ ဧက၊ ရက် ၉၀ ၁၄၇၄ ဧက၊ GW-11 ၁၅၉၁ ဧက၊ ဗီယက်နမ် ၂၀၅ ဧက စုစုပေါင်း မိုးသီးနှံစတင်စိုက်ပျိုးချိန်မှ ယနေ့အထိ မိုးစပါး ၄၇၃၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ရာ ရွှေတောင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုပစ္စည်းများ၊ သီးနှံမျိုးစေ့များကူညီထောက်ပံ့ပေးခြင်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပိုးမွှားရောဂါများကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ စိုက်ပျိုးနည်းစနစ်သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် တောင်သူအသိပညာပေးဟောပြောခြင်းတို့ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ကိုကိုမင်း**

နေပြည်တော်၊ လူမှုရေး

## မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းဆောင်ရွက်

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင်လ ၂၉ ရက် နံနက်ပိုင်းတွင် ကြံဖိုစုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဈေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန်ရည်ရွယ်၍ ကြံဖိုစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-1 လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုက ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

**နော်လူး**



မန္တလေး၊ ဘာသာရေး

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်လ ၂၉ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ၇၇ လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြားရှိ ရွှေဘုံသာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ဈေးဦးစွာ အခမ်းအနားကို တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ချမ်းအေးသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ရှစ်ပါးသီလခံယူကာ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသင်းဂုဏ်ထူးဆောင်နာယက သီရိပျံ့ချီ ဝဏ္ဏကျော်ထင် ဦးမောင်ကို- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ(ထာဝရကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ အသင်းဥက္ကဋ္ဌအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးအောင်တိုး-ဒေါ်လှလှဝင်း (စိန်ခြယ်စားသောက်ကုန်လုပ်ငန်း) က ငွေကျပ်သိန်း ၅၀ တို့ကို အသင်းဘာသာ သာသနာအတွက်အသုံးပြုရန် လှူဒါန်းသည်။

ယင်းနောက် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

သံဖြူဇရပ်၊ လူမှုရေး

## မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းဆောင်ရွက်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဘုရားလေးဆူကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဇူလိုင်လ ၂၉ ရက်တွင် ကျင်းပသည်။

ဈေးဦးစွာ သံဖြူဇရပ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ဝေနှင်းက ဘုရားလေးဆူကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါသတ်မှတ်ချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးသည်။

သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဘုရားလေးဆူကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့်အကျုံးဝင်သည့်လုပ်ငန်းများတွင် သက်သာသောအတိုးနှုန်းများဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ။**

# မိုးရာသီတွင် ကိုယ်ခံစွမ်းအားမြှင့်တင်ရန် အကြံပြုချက်များ

> "မိုးရာသီတွင် Street foods ကဲ့သို့ ပြင်ပတွင် လွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရန် ရောင်းချသော အစားအစာများသည် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုများငြိတွယ်ပေါက်ပွားနိုင်သဖြင့် ညစ်ညမ်းမှုပိုများသည်။ အသုပ်များနှင့် မချက်ပြုတ်ရသေးသောအစားအစာများ၊ ပင်လယ်စာများနှင့် ဟင်းသီးဟင်းရွက်အစိမ်းများသည် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်စေသော ဗက်တီးရီးယားပိုးများကို သယ်ဆောင်နိုင်သောကြောင့် စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်..."

ယခုအခါ မိုးရာသီရောက်ရှိလာပြီဖြစ်၍ နွေရာသီတွင် ခံစားခဲ့ရသော အပူဒဏ်မှ သက်သာရာရသော်လည်း အအေးမိ၊ တုပ်ကွေးနှင့် ရေကြောင့်ဖြစ်သောရောဂါများ ကူးစက်နိုင်ခြေတိုးမြင့်လာသဖြင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရပါသည်။ စိုထိုင်းဆများသော ပတ်ဝန်းကျင်ကြောင့် ကူးစက်နိုင်သော ရောဂါပိုးမွှားများပေါက်ပွားရန် လွယ်ကူသဖြင့် လေမှတစ်ဆင့်ကူးစက်တတ်သော ရောဂါများ၊ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုပိုးကူးစက်မှုအန္တရာယ်အမျိုးမျိုးကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် မိုးရာသီတွင် ကျန်းမာစွာနေထိုင်ရန်နှင့် ကိုယ်ခံစွမ်းအားကိုမြှင့်တင်ရန် လိုအပ်သောကျန်းမာရေးဆိုင်ရာအကြံပြုချက်များ ပေးလိုပါသည်။

**အစားအစာကို အာဟာရပြည့်ဝအောင်စားပါ။ သန့်ရှင်းဘေးကင်းသောအစားအစာများကို စားသုံးပေးပါ။**

ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် အစားအသောက်ကို ထိန်းသိမ်းစားသောက်ခြင်းသည် ကိုယ်ခံအားစနစ်ကြံ့ခိုင်နေစေရန်အတွက် လိုအပ်သောအာဟာရဓာတ်အမျိုးအစားများ ပြည့်စုံလုံလောက်မှုရှိစေရန်နှင့် ရောဂါမဖြစ်အောင်ကာကွယ်ရန် အဓိကဖြစ်ပါသည်။

ပရိုတင်းများသည် ကိုယ်ခံအားစနစ်တည်ဆောက်ရန်နှင့် ရောဂါပိုးများအားတိုက်ထုတ်ရန် လိုအပ်သောပဋိပစ္စည်းများကိုထုတ်လုပ်ရန် ကူညီပေးသဖြင့် ပရိုတင်းဓာတ်လုံလောက်စွာပါရှိသော အစားအစာများဖြစ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ အဆီမပါသော အသားများ၊ ကြက်ဥ၊ ပဲပိစပ်၊ ပဲအမျိုးမျိုး၊ အခွံမာသီးများနှင့် အစေ့အဆန်များကို မိုးရာသီတွင် တိုးမြှင့်စားသုံးရန်လိုအပ်ပါသည်။ မိုးရာသီတွင် လှုပ်ရှားမှုနည်းသဖြင့် ခန္ဓာကိုယ်အလေးချိန်ထိန်းညှိနိုင်ရန် အမျှင်ဓာတ်များသော ကာဗိုဟိုက်ဒရိတ်များကို ရွေးချယ်စားသုံး၍ ကယ်လိုရီများသော သကြား၊ သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များပါသည့် အစားအစာများနှင့် အဖျော်ယမကာများကို ရှောင်သင့်ပါသည်။

ဗီတာမင်စီသည် မိုးရာသီတွင် ရောဂါပိုးမွှားများကိုကာကွယ်ရန်နှင့် ကိုယ်ခံအားမြှင့်တင်ပေးရန် အကောင်းဆုံးဖြစ်ပါသည်။ ကိုယ်ခံအားဆဲလ်များ၏ လုပ်ဆောင်ချက်ကိုမြှင့်တင်ခြင်းဖြင့် ခန္ဓာကိုယ်ခုခံအားစနစ်ကိုအားကောင်းစေသဖြင့် ဗီတာမင်စီသည် သာမန် အအေးမိ၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကိုတားဆီးရန်ကူညီပေးသည်။ သဘာဝဗီတာမင်စီကြွယ်ဝသော လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီး၊ သံပရာသီး၊ သင်္ဘောသီး၊ မာလကာသီး၊ သရက်သီး၊ စတော်ဘယ်ရီသီး၊ ဘရိုကိုလီ၊ ခရမ်းချဉ်သီးနှင့် အစိမ်းရောင်ဟင်းသီးဟင်းရွက်များကို နေ့စဉ်တိုးမြှင့်စားသုံးရန်လိုအပ်ပါသည်။

မိုးရာသီတွင် အင်တီအောက်စီးဒင့်ကြွယ်ဝသော အစိမ်းရောင်၊ အနီရောင် သို့မဟုတ် အဝါရောင်ရှိသော လတ်ဆတ်သည့်သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ၊ ဟင်းနုနယ်ရွက်၊ မုန်လာဥနီ၊ ဘရိုကိုလီ၊ စတော်ဘယ်ရီနှင့် အနက်ရောင်ချောကလက်များကို စားသုံးပေးရန်လိုအပ်ပါသည်။ အင်တီအောက်စီးဒင့်ခေါ် ခန္ဓာကိုယ်ရှိဆဲလ်များကို ပျက်စီးစေသောမော်လီကျူးများကိုရှင်းလင်းရန် ကူညီပေးသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝသော အစားအစာများသည် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးသဖြင့် အအေးမိ၊ တုပ်ကွေးနှင့် တခြားကူးစက်ရောဂါများကို ပိုမိုကောင်းမွန်စွာ ကာကွယ်ပေးနိုင်သည်။

ကိုယ်ခံစွမ်းအားကို သဘာဝအတိုင်းမြှင့်တင်ပေးသည့် ဗီတာမင်ဒီသည် ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကို တိုက်ထုတ်ရာတွင် ကူညီပေးနိုင်သဖြင့် ဗီတာမင်ဒီ အလုံအလောက်မရှိပါက ရောဂါပိုးကူးစက်ခံရနိုင်ခြေပိုများပါသည်။ ထို့ကြောင့် မိုးရာသီတွင် ဗီတာမင်ဒီကြွယ်ဝသော ဆယ်လ်မွန်ငါး၊ နို့၊ ကောက်နှံအမျိုးမျိုး၊ မှိုနှင့် ကြက်ဥအနှစ်ကဲ့သို့သောအစားအစာများ၊ ငါးကြီးဆီ သို့မဟုတ် ဗီတာမင်ဒီဖြည့်စွက်စာများကို လုံလောက်စွာစားသုံးရန်လိုအပ်ပါသည်။

မိုးရာသီတွင် Street foods ကဲ့သို့ ပြင်ပတွင် လွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရန် ရောင်းချသောအစားအစာများသည် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုများငြိတွယ်ပေါက်ပွားနိုင်သဖြင့် ညစ်ညမ်းမှုပိုများသည်။ အသုပ်များနှင့် မချက်ပြုတ်ရသေးသော အစားအစာများ၊ ပင်လယ်စာများနှင့် ဟင်းသီးဟင်းရွက်အစိမ်းများသည် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်စေသော ဗက်တီးရီးယားပိုးများကို သယ်ဆောင်နိုင်သောကြောင့် စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ အမှည့်လွန်သော သစ်သီးများ၊ လက်လုပ်ချဉ်များ၊ လှီးဖြတ်ထားသော အစားအစာနှင့် သစ်သီးများကိုစားသုံးခြင်းမှရှောင်ကြဉ်သင့်ပါသည်။

ပင်စိမ်း၊ ပူဒီနာ၊ လေးညှင်းပွင့်၊ ချင်း၊ ကြက်သွန်ဖြူနှင့် နနွင်းတို့ကဲ့သို့သော ဟင်းခတ်အမွှေးအကြိုင်များသည် ခန္ဓာကိုယ်၏ခုခံအားစနစ်ကို သိသိသာသာမြှင့်တင်ပေးပြီး ဗိုင်းရပ်စ်ပိုးအပါအဝင် ရောဂါများကို ကာကွယ်ပေးနိုင်သည့် ဂုဏ်သတ္တိများရှိသော သဘာဝဆေးဖက်ဝင်အပင်များဖြစ်၍ နေ့စဉ် အစားအစာများ ချက်ပြုတ်ရာတွင် ထည့်သွင်းအသုံးပြုသင့်ပါသည်။ ချင်း၊ ဇီရာနှင့် နံနံတို့ကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်များသည် အစာချေဖျက်ခြင်းကိုလည်း အထောက်အပံ့ပေးနိုင်ပါသည်။ ကိုယ်ခံစွမ်းအားကိုမြှင့်တင်ရန်နှင့် အူလမ်းကြောင်းကျန်းမာရေးကို ထိန်းသိမ်းရန်အတွက် ဒိန်ချဉ်ကဲ့သို့သော ပရိုဘိုင်အိုတစ်များပါရှိသည့် အစားအစာများကို နေ့စဉ်ထည့်သွင်းစားသုံးပေးရန် အရေးကြီးပါသည်။

**ရေများများသောက်ပေးရန် လိုအပ်သည်။**

ရေဓာတ်ပြည့်ဝနေခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကိုဖယ်ရှားနိုင်ပြီး ကိုယ်ခံအားစနစ်ကိုကောင်းမွန်စွာလည်ပတ်စေပါသည်။ မိုးရေကို သို့လှောင်သောက်သုံးလေ့ရှိသူများအနေဖြင့် ဘေးကင်းကျန်းမာရန်အတွက် ရေကိုစနစ်တကျသန့်စင်ကျိုချက်ပြီးမှ သောက်သုံးသင့်ပါသည်။ အအေးခံထားသော အဖျော်ယမကာများကိုရှောင်ကြဉ်ပြီး ရေနွေးသောက်သင့်ပါသည်။ ပူပူနွေးနွေးစွပ်ပြုတ်အရည်များ၊ အာဟာရဖျော်ရည်များကို သောက်ရန်လိုအပ်ပါသည်။ လက်ဖက်စိမ်းရည် သို့မဟုတ် အနက်ရောင်လက်ဖက်ခြောက်ရည်၊ ချင်း၊ နနွင်း၊ လေးညှင်းပွင့်၊ ငရုတ်ကောင်းကဲ့သို့သော ဆေးဖက်ဝင်အပင်များဖြင့် ပြုလုပ်သောဖျော်ရည်များ၊ ရေနွေး၊ သံပရာနှင့် ပျားရည်ရောစပ်ထားသောဖျော်ရည်များကို ရွေးချယ်သောက်သုံးနိုင်ပါသည်။

**နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ပါ။ တက်ကြွစွာနေထိုင်ပါ။**

ကိုယ်လက်လှုပ်ရှားမှုမရှိလျှင် လေးလံထိုင်းမှိုင်းပြီး နေမကောင်းဖြစ်နိုင်ခြေများသဖြင့် နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး ကျန်းမာကြံ့ခိုင်စေပါသည်။ ခန္ဓာကိုယ်ကြံ့ခိုင်မှုကိုမြှင့်တင်ရန် အေရိုးဗစ်လေ့ကျင့်ခန်းများ၊ ခွန်အားတိုးမြှင့်စေသော လေ့ကျင့်ခန်းများ၊ ခန္ဓာကိုယ်ပျော့ပျောင်းမှုကိုဖြစ်စေသော အကြောလျှော့လေ့ကျင့်ခန်းများ၊ ဟန်ချက်ထိန်းညှိသောလေ့ကျင့်ခန်းများကို တစ်ရက်လျှင် အနည်းဆုံးမိနစ် ၃၀-၆၀ ပြုလုပ်ပေးရပါမည်။ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းသည် သွေးလည်ပတ်မှုကိုအားကောင်းစေပြီး ရောဂါပိုးမွှားများကိုတိုက်ထုတ်ရန် လိုအပ်သောသွေးဖြူဥများထွက်ရှိမှုကိုမြှင့်တင်ပေးကာ ကိုယ်ခံအားမြင့်တက်စေနိုင်သဖြင့် အဆစ်အမျက်ကိုက်ခဲခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ၊ အစာခြေလမ်းကြောင်းဆိုင်ရာဝေဒနာများကို ကာကွယ်ရန်နှင့် သက်သာစေရန် အထောက်အကူပြုပါသည်။ နေ့စဉ် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အကျိုးပြုသောဇီဝဖြစ်ပျက်မှုကို အားကောင်းစေပြီး ပိုလျှံသောကယ်လိုရီများကို လောင်ကျွမ်းစေသဖြင့် ခန္ဓာကိုယ်အလေးချိန်ကိုထိန်းညှိရန် အထောက်အကူပြုနိုင်သည်။

**တစ်ကိုယ်ရေသန့်ရှင်းမှုကို ထိန်းသိမ်းပါ။ လက်ကိုမကြာခဏဆေးပါ။**

ရောဂါပိုးမွှားများ ကပ်တွယ်မှုမရှိစေရန် လက်ကိုဆပ်ပြာနှင့်ရေဖြင့် မကြာခဏဆေးကြောပါ။ အစာမစားမီနှင့်စားပြီးတွင် လက်ကို သေချာစွာဆေးကြောပါ။ လက်မဆေးဘဲ နှာခေါင်းနှင့် ပါးစပ်ကိုကိုင်တွယ်ခြင်းမှရှောင်ကြဉ်ပါ။ အပြင်ထွက်သည့်အခါ လက်သန့်ဆေးရည်ကိုဆောင်ထားပြီး အသုံးပြုပါ။

**ခန္ဓာကိုယ်ရေစိုခြင်းကို ရှောင်ကြဉ်ပါ။**

မိုးရာသီတွင် အအေးမိခြင်းနှင့်တုပ်ကွေးမဖြစ်စေရန် ခြောက်သွေ့အောင်နေပါ။ အပြင်ထွက်နေသောအချိန်တွင် မိုးမစိုစေရန် မိုးကာနှင့်ထီးတို့ကိုအသုံးပြုပေးပါ။ မိုးရေစိုပါက အဝတ်ကိုအမြန်ဆုံးလဲပြီး ရေကိုခြောက်အောင်သုတ်၍ နွေးနွေးထွေးထွေးနေသင့်ပါသည်။ မိုးရာသီတွင် စိုထိုင်းသောအဝတ်အစားများသည် ဗက်တီးရီးယားနှင့် မှိုပိုးပေါက်ပွားကူးစက်မှုကို ဖြစ်စေနိုင်ပြီး အရေပြားမှိုစွဲခြင်း၊ ယားနာ၊ အင်ပျဉ်နှင့် အဖုအပိမ့်များကို ဖြစ်စေနိုင်သဖြင့် ပေ့ါပါးပြီး ခြောက်သွေ့သော အဝတ်များကိုဝတ်ဆင်ပါ။ လေ့ကျင့်ခန်းလုပ်လျှင် လေဝင်လေထွက်ကောင်းပြီး ချွေးစုပ်သောအဝတ်များကို ဝတ်ဆင်ရန် အကြံပြုလိုပါသည်။

**လုံလောက်စွာအနားယူပါ။ ကောင်းစွာအိပ်စက်ပါ။**

ကိုယ်ခံအားစနစ် အားကောင်းစေရန်အတွက် နေ့စဉ် အိပ်ရေးဝအောင် အိပ်စက်ရန်လိုအပ်ပြီး လုံလောက်သောအိပ်စက်ချိန် ခုနစ်နာရီမှ ကိုးနာရီအထိ ရှိရန်လိုအပ်ပါသည်။ တက်ကြွစွာနေထိုင်ခြင်းသည် ဆီရိုတိုနင်ဟော်မုန်းကိုတိုးမြှင့်စေပြီး အိပ်စက်မှုပုံစံများကို ထိန်းညှိပေးသည်။ ထို့ကြောင့် မိုးရာသီတွင် တက်ကြွစွာနေထိုင်ခြင်းနှင့် လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့သည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အိပ်ရေးပျက်မှုဖြစ်စဉ်ကို လျှော့ချပေးနိုင်ပါသည်။

**စိတ်ဖိစီးမှုကိုလျှော့ချပါ။**

ကိုယ်ခံအားစနစ်ကို အားနည်းစေနိုင်သည့် စိတ်ဖိစီးမှုကိုလျှော့ချရန် တရားထိုင်ခြင်းနှင့် အသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းများနှင့် စိတ်အာဟာရဖြစ်စေသည့် တရားစာအုပ်များဖတ်ခြင်း၊ တရားနာခြင်း၊ ဂီတအနုပညာလိုက်စားခြင်းတို့ဖြင့် နေ့စဉ်ဘဝတွင် ပျော်ရွှင်၍ သက်သောင့်သက်သာဖြစ်စေရန် လေ့ကျင့်ယူရပါမည်။

**အရက်၊ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။ အရက်သောက်သူဖြစ်လျှင် အနည်းဆုံးဖြစ်အောင် လျှော့ချသောက်သုံးသင့်ပါသည်။**

အရက်အလွန်အကျွံသောက်ခြင်းသည် ခန္ဓာကိုယ်ခုခံအားစနစ်ကို အားနည်းစေနိုင်သောကြောင့် ရောဂါပိုးကူးစက်မှုကို တိုက်ဖျက်ရန် လိုအပ်သောပဋိပစ္စည်းပမာဏကိုလျှော့နည်းစေသည်။ ထို့ကြောင့် အရက်သောက်သူသည် ဖျားနာရန်ပိုမိုလွယ်ကူစေပြီး နာမကျန်းမှုမှ ပြန်လည်ကောင်းမွန်ရန်ပိုမိုခက်ခဲစေသည်။ ဆေးလိပ်သောက်ခြင်းသည် ကိုယ်ခံအားစနစ်တုံ့ပြန်မှုအပေါ် ကြီးမားသောသက်ရောက်မှုရှိသည်။ ပုံမှန်ခုခံအားကို လျှော့နည်းစေသည့်အပြင် ရောဂါပိုးမွှားများ ဝင်ရောက်လာသည့်အခါတွင်လည်း ခန္ဓာကိုယ်ခုခံအားစနစ်မှ တုံ့ပြန်မှုကိုလျှော့နည်းစေသည်။

**ပတ်ဝန်းကျင်ကိုသန့်ရှင်းအောင်ထားပါ။ အင်းဆက်ပိုးမွှားများ အကိုက်ခံရခြင်းမှ ကာကွယ်ပါ။**

Insect Repellents ကိုသုံးပါ။ ခြင်နှင့် အင်းဆက်ပိုးမွှားများ အကိုက်ခံရခြင်းမှ ကာကွယ်ရန် အိမ်နှင့်အနီးတစ်ဝိုက်တွင် ချုံနွယ်ပိတ်ပေါင်းများ၊ ရေအိုင်များ၊ ရေဝပ်သောနေရာများမရှိစေရန် ရှင်းထားခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများကို ရှင်းထားခြင်း၊ အိမ်ကို ခြင်လုံဆန်ခါတပ်ထားခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ခြင်ပြေးဆေးသုံးခြင်း၊ အကျႌလက်ရှည်၊ ဘောင်းဘီရှည်တို့ကိုဝတ်ဆင်ခြင်း၊ အပြင်ထွက်လျှင် ထိတွေ့နိုင်သောအရေပြားပေါ်တွင် ခြင်မကိုက်စေသောဆေးများ လိမ်းခြင်းနှင့် အိပ်စက်သောအချိန်တွင် ခြင်ထောင်ထောင်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

အပြင်မှပြန်လာသည့်အခါ လက်ကို ဆပ်ပြာနှင့်ရေဖြင့်ဆေးခြင်း၊ အစားအစာများကို ပူပူနွေးနွေးစားသောက်ခြင်း၊ အစားအသောက်များ၏ သန့်ရှင်းလတ်ဆတ်မှုကို အမြဲဂရုပြုစစ်ဆေးခြင်း၊ ကိုယ်ခံစွမ်းအားမြင့်မားစေရန် ဗီတာမင်စီ၊ ဗီတာမင်ဒီ ဖြည့်စွက်အားဆေးများနှင့် ပရိုဘိုင်အိုတစ် ဖြည့်စွက်ဆေးများသောက်ခြင်း၊ လိုအပ်သောကာကွယ်ဆေးများ ကြိုတင်ထိုးခြင်း စသည့်အခြေခံအချက်များကို လိုက်နာခြင်းဖြင့် ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် မိုးရာသီတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲနေထိုင်ပြီး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်နိုင်ပါသည်။ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်းသည်ဆိုသကဲ့သို့ မိုးရာသီအတွက် ဂရုတစိုက်ကြိုတင်ပြင်ဆင်ရန် အရေးကြီးပါသည်။ ဖော်ပြပါအချက်အလက်များကို သတိထားလိုက်နာမည်ဆိုပါလျှင် စာဖတ်သူများအနေဖြင့် အေးမြသောမိုးရာသီကို ပျော်ရွှင်၊ ကျန်းမာ၊ ဘေးကင်းစွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ **ဒေါက်တာသိင်္ဂီကျော်**

နေပြည်တော်၊ လူမှုရေး

## ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောပွဲကျင်းပ



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအခြေခံပညာအထက်တန်းကျောင်း သရဖူစာသင်ဆောင်၌ ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင်လ ၂၉ ရက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်နှင့်စာဖတ်ခြင်းအကြောင်း၊ ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နားမာနိုက အလုပ်သမားရေးရာအကြောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦးက ဌာနဆိုင်ရာများအကြောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဟိန်းအောင်ကျော်က မီးဘေးအန္တရာယ်အကြောင်း၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်နွယ်နီလင်းက ဥပဒေဆိုင်ရာအကြောင်း၊ အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်ဟန်ဇော်က လူကုန်ကူးမှုအန္တရာယ်အကြောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသန်းထိုက်အောင်က သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအကြောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ဝတ်ရည်သန့်က လျှပ်စစ်သုံးစွဲမှုအန္တရာယ်အကြောင်း၊ အမှတ်(၁၀၁) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ဇော်ညီညီလှိုင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ရွှေမြို့နယ်ရဲစခန်းမှ ရဲအုပ်ထွန်းနိုင်ဝင်းက မှုခင်းကျဆင်းရေးအကြောင်းတို့ကို အသီးသီးအသိပညာပေးဟောပြောပြီး အခြေခံပညာအထက်တန်းကျောင်း (ကင်းသာ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမျိုးနွယ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် သက်ဆိုင်ရာဌာနများက အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကလေးများအတွက် အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက လေ့လာကြည့်ရှုကြောင်း သိရသည်။

(၄၁၃)

တန့်ဆည်၊ စိုက်ပျိုးရေး

## ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံ ၁၅၁၅၄ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံ ၁၅၁၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

တန့်ဆည်မြို့နယ်၌ မိုးကြိုပဲတီစိမ်း ၅၈၄၉ ဧကနှင့် မိုးပဲတီစိမ်း ၁၇၆၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးရာ ယနေ့အထိ မိုးကြိုပဲတီစိမ်း ၂၁၉၀ ဧကနှင့် မိုးပဲတီစိမ်း ၁၂၉၆၄ ဧက စုစုပေါင်း ၁၅၁၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မိုးကြိုပဲတီစိမ်းနှင့်မိုးပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်းသတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## လေညာသို့တိုင်

➢ ပန်းပေါင်းစုံစုံ၊ နံ့ထုံပျံ့သွယ်
ကန္တာလယ်မှာ၊ သာယာချမ်းမြ
လှပေါင်းခြယ်၊ စံပယ်မြတ်လေး
ကံ့ကော်မွှေးနှင့်၊ ခါသင့်ချိန်ရောက်
ပိတောက်သင်းကြည်၊ နှင်းဆီပန်းဖူး
စန္ဒကူးလည်း၊ ထုံမြူးပျံ့လွင်
လေနှင်ရာနောက်၊ ကြိုင်လှိုင်လှောက်၍
လေအောက်တွင်သာ မွှေးနိုင်ရာ၏။

➢ သူတော်ကောင်းမှ၊ သီလမြဲကြောင်း
ထိုကောင်းသတင်း၊ ပျံ့နှံ့ခြင်းကား
ကျော်ကြားထက်အောက်၊ လွန်ပေါက်ရောက်၍
လေအောက်လွန်ကာ၊ လေညာသို့တိုင်
သင်းလှိုင်ပျံ့ကာ၊ ရောက်နိုင်ရာ၏။

➢ ယနေ့လူငယ်၊ မောင်နှင့်မယ်တို့
သိဖွယ်အစဉ်၊ ပတ်ဝန်းကျင်မှာ
လေတွင်လေညာ၊ ပျံ့မွှေးသာအောင်
စာရိတ္တနှင့်၊ မိတ္တမှသည်
ကာယဉာဏ၊ ဘောဂရှင်သန်
ငါးတန်ဗလ၊ ဖြည့်ဆည်းကြစို့
သို့မှတစ်မူ၊ လေယူရာမွှေး
သင်းပျံ့အေးမည် ရှိတော့သည်။ ။

မြရည်နန္ဒာ

## သဇင် (FM) အသံလွှင့်အစီအစဉ်

၃၁-၇-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

ဓနုဖြူ၊ စိုက်ပျိုးစီးပွား

# ဓနုဖြူမြို့နယ်၌ ဒေသထွက်သခွားသီးများ ဝယ်လိုအားကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဒေသထွက်သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စန်းဝေ၏ပြောပြချက်အရ သိရသည်။

ဓနုဖြူမြို့နယ်၌ သခွားသီးထွက်ရှိသော ဇူလိုင်လဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ သခွားသီးများဝယ်လိုအားကောင်းနေခြင်းဖြစ်ပြီး တစ်ရက်လျှင် ရောင်းတမ်းဝင် သခွားသီးများ အလုံးရေ ၁၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေထွက်ရှိတဲ့ သခွားသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ ဒီဒေသမှာ မိုးသီးနှံအဖြစ်စိုက်ပျိုးထားတဲ့ သခွားသီးတွေထွက်ရှိနေပါပြီ။ ဓနုဖြူမြို့နယ်အနီးဝန်းကျင်က ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေလို့ တစ်ရက်ကို ရောင်းတမ်းဝင် သခွားသီးအလုံးရေ ၁၅၀၀၀ ခန့်အထိ ရောင်းချနေရတယ်။ ဒေသထွက်သခွားသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ အဲဒီလို အရည်အသွေးကောင်းသလို အထွက်နှုန်းလည်းကောင်းနေပါတယ်"ဟု ဒေါ်စန်းဝေကပြောသည်။

လက်ရှိတွင် ဓနုဖြူမြို့နယ်၌ ဒေသထွက်သခွားသီးများနှင့် တခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော်၊ မအူပင် စသည့်ဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

မြို့သစ်၊ ကျေးလက်ဖွံ့ဖြိုးရေး

# ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ညောင်ပင်ဝိုင်း(တဲတိုက်)ကျေးရွာ၌ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၆)ချက်နှင့်အညီ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင်လ ၃၀ ရက်တွင် ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့သစ်မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ညောင်ပင်ဝိုင်း(တဲတိုက်) ကျေးရွာ၌ အကျယ် ၄ လက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညောင်ပင်ဝိုင်း(တဲတိုက်)ကျေးရွာ၌ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၅၁ ဒသမ ၉ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍လည်းကောင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို Chindwin Strategy ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

ညောင်ဦး၊ လူမှုရေး

# ညောင်ဦးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကျင်းပ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရုံးမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဇူလိုင်လ ၃၀ ရက်တွင် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာများအကြောင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်ဦးမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးလှငြိမ်းက ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် သန်းခေါင်စာရင်းအကြောင်းအရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများ လေ့လာနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ ထုတ်ဝေသော လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

ပွင့်ဖြူ၊ လျှပ်စစ်ဓာတ်အား

# ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီဖြုတ်သိမ်းထားသော လျှပ်စစ်ဓာတ်အားလိုင်းကို ဒေသခံပြည်သူများ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိစေရန် ပြန်လည်တပ်ဆင်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ ဓာတ်အားလိုင်းကို သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုမဖြစ်စေရန်နှင့် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ယာယီဖြုတ်သိမ်းထားရာ ယခုအခါ မြစ်ရေပြန်လည်ကျဆင်းပြီဖြစ်၍ ကျေးရွာနေပြည်သူများ လျှပ်စစ်ဓာတ်အား ပြန်လည်သုံးစွဲခွင့်ရရှိစေရန် ဇူလိုင်လ ၃၀ ရက်တွင် ပြန်လည်တပ်ဆင်ပြီး ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ လျှပ်စစ်မန်နေဂျာ ဦးမျိုးမင်းနိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာ၊ ငှက်တောကုန်းကျေးရွာ၊ ကျွန်းကလေးကျေးရွာ၊ ဘီးဇပ်ခုံကျေးရွာ၊ ထူးကျေးရွာ၊ ငါးခြောက်ကျွန်းကျေးရွာ၊ မြင်းခြံစုကျေးရွာ၊ အရှေ့လေးအိမ်ကျေးရွာနှင့် ပေါက်ကုန်းကျေးရွာတို့သို့ မြစ်ရေဝင်ရောက်မှုကြောင့် ယာယီဖြုတ်သိမ်းထားသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက် ကွင်းဆင်းစစ်ဆေးပြီး ဓာတ်အားလိုင်းတိုင်များ ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ သွယ်တန်းခြင်း၊ ၁၁/၀.၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာလေးလုံး ပြန်လည်တပ်ဆင်ခြင်း စသည့် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကျေးလက်နေပြည်သူများ လျှပ်စစ်မီးသုံးစွဲနိုင်ရန် စနစ်တကျဆောင်ရွက်ကြသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်း ပြန်လည်တပ်ဆင်ပေးမှုကြောင့် မြစ်ကမ်းဘေးအနီးကျေးရွာများမှ လျှပ်စစ်မီးသုံးစွဲသူ ၄၃၇ ဦးအတွက် လျှပ်စစ်ဓာတ်အား ပြန်လည်သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ပဲခူး ဇူလိုင် ၂၀

# ယာယီရေဘေးရှောင်စခန်းများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကူညီထောက်ပံ့

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ လိုအပ်သည်များ သွားရောက်ကူညီထောက်ပံ့ခဲ့ပြီး ရေများအမြန်ဆုံးပြန်လည်ကျဆင်းစေရေး အဓိကရေထွက်ပေါက်များ ပိတ်ဆို့မှုမရှိစေရေး လိုက်လံစစ်ဆေးဆောင်ရွက်ရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမရှိစေရေး ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြစ်ရေစီးဆင်းမှုအခြေအနေနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဘေးရေထွက်ပေါက် ပြန်လည်အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ ၎င်းနောက် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ မဟာကလျာဏီသိမ်တော်ကြီးကျောင်းနှင့်ကြေးနီကန်ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ပြီး စားသုံးကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ဆန်ရိက္ခာဖိုးများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကလေးငယ်များအတွက် အာဟာရမုန့်များပေးဝေခဲ့ကြပြီး ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပေးရန်နှင့် အမိုးအကာဖြင့် နေထိုင်နိုင်ရေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကျောက်ကြီးစုတာပေါ်၌ သဲအိတ်ရေတားတာဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကြီးနစ်မြုပ်သည့်မြို့သစ်(င)ရပ်ကွက် ကျောက်ကြီးစုရပ်ကွက်များအတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်များ၊ မုန့်များ၊ ရေသန့်ဘူးများလိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**



လွိုင်ကော် ဇူလိုင် ၂၀

# စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော လွိုင်ကော်မြို့ရပ်ကွက်များအတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများမှ လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သောပြည်သူများအား ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ကယားပြည်နယ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပြည်သူများပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ယခုအခါ လွိုင်ကော်မြို့တွင် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်အခြေချနေထိုင်လျက်ရှိသည်။



ထိုကဲ့သို့ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ ကူးသန်းရောင်းဝယ်နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုနှင့်နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများကို မနာလိုမရှုဆိတ်သော KNDF/ KNPP/ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်ပျက်စီးစေပြီး စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်ကာ လွိုင်ကော်မြို့ တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ရက်စက်ယုတ်မာစွာ ဇူလိုင်လ ၂၉ ရက် ည ၉ နာရီခန့်တွင် လူနေရပ်ကွက်များအတွင်းသို့ အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သာသနိကအဆောက်အအုံများ၊ ဘုရားစေတီနှင့်လူနေအိမ်များပေါ်သို့ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရပြည်သူများအား တာဝန်ရှိသူများက လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရပြီး လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အပြစ်မဲ့ထိခိုက်ဒဏ်ရာရလူနာများအား ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့်အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များကို လှည့်လည်ကြည့်ရှု၍လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို အသေးစိတ်မေးမြန်းကာ အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့်အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်ဆေးရုံရှိ လူနာများနှင့် တပ်မိသားစုဝင်များအတွက် အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် လွိုင်ကော်မြို့တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော မြို့ရွာ/ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် မကြာခဏပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ စုစုပေါင်း သုံးဦးသေဆုံးခဲ့ပြီး ၁၀ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူများ၏နေအိမ်များ၊ ဘုရားစေတီပုထိုးများနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဒေသခံပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **(၅၀၀)**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစပြီး ဇူလိုင်လ(၃၁)ရက်နေ့အထိ နေ့စဉ်နံနက်(၆း၀၀) နာရီမှစပြီး ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည(၂၃း၀၀) နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့မှစပြီး နိုဝင်ဘာလ(၃၀)ရက်နေ့အထိ နေ့စဉ်နံနက် (၆း၀၀)နာရီမှ နံနက်(၈း၀၀) နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ နံနက် (၈း၀၀)နာရီမှ နံနက်(၁၀း၀၀) နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၁၀း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် (၁၂း၀၀)နာရီမှ မွန်းလွဲ (၁၃း၀၀) နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃း၀၀)နာရီမှမွန်းလွဲ (၁၄း၀၀) နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၄း၀၀)နာရီမှ ညနေ(၁၅း၀၀) နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ(၁၅း၀၀)နာရီမှ ညနေ(၁၆း၀၀) နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ညနေ(၁၆း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ညနေ(၁၇း၀၀)နာရီမှ ည(၁၉း၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည(၁၉း၀၀)နာရီမှ ည(၂၁း၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည(၂၁း၀၀)နာရီမှ ည(၂၃း၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

### (၁. ၈. ၂၀၂၄)မှ (၃၀. ၁၁. ၂၀၂၄)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | "ဝ" | ၀၆း၀၀-၀၈း၀၀ နာရီ |
| ၂။ | ကချင် | ၀၈း၀၀-၁၀း၀၀ နာရီ |
| ၃။ | ကယား | ၁၀း၀၀-၁၂း၀၀ နာရီ |
| ၄။ | စကောကရင် | ၁၂း၀၀-၁၃း၀၀ နာရီ |
| ၅။ | အနောက်ပိုးကရင် | ၁၃း၀၀-၁၄း၀၀ နာရီ |
| ၆။ | အရှေ့ပိုးကရင် | ၁၄း၀၀-၁၅း၀၀ နာရီ |
| ၇။ | ချင်း(လိုင်ဇိုး) | ၁၅း၀၀-၁၆း၀၀ နာရီ |
| ၈။ | ချင်း(ချိုး) | ၁၆း၀၀-၁၇း၀၀ နာရီ |
| ၉။ | မွန် | ၁၇း၀၀-၁၉း၀၀ နာရီ |
| ၁၀။ | ရခိုင် | ၁၉း၀၀-၂၁း၀၀ နာရီ |
| ၁၁။ | ရှမ်း | ၂၁း၀၀-၂၃း၀၀ နာရီ |

၂၀-၇-၂၀၂၄


## ထူးခြားသည့် နေ့အပူချိန်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| မုံရွာ | ၃၆ ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် | ဂန့်ဂေါ | ၃၅ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | မင်းကင်း | ၃၅ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၃၅ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | တံတားဦး | ၃၄ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၅ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | (လေကြောင်းမိုးလေဝသ) | | | |

# အိမ်နီးချင်းတပ်မတော်၏ တည်ဆောက်ထုဆစ်(၉၇)နှစ်

အမောင်

နိုင်ငံတော်ဟုသတ်မှတ်ရာတွင် လူဦးရေ နယ်မြေ၊ အစိုးရ၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာအသိအမှတ်ပြုမှု စသည့် အင်္ဂါရပ် ငါးရပ်ပါဝင်မှ ပြည့်စုံမည်ဖြစ်သည်။ ထိုအင်္ဂါ ငါးရပ်နှင့်ပြည့်စုံသောနိုင်ငံတော်ကို ယနေ့ကမ္ဘာ့နိုင်ငံအများစုကြုံတွေ့နေရသော ဘက်စုံစစ်ပွဲအသွင်က ကာကွယ်နိုင်ရန်အတွက် နိုင်ငံတိုင်းတွင် ခေတ်မီစွမ်းအားပြည့်ဝသော တပ်မတော်တစ်ရပ်ဖွဲ့စည်းတည်ဆောက်ကြရပါသည်။ နိုင်ငံတိုင်းအတွက် အလိုအပ်ဆုံးသော၊ အရေးပါဆုံးသော မရှိမဖြစ်အဖွဲ့အစည်းမှာ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေသည့် တပ်မတော်ပင်ဖြစ်ပါသည်။



**ကြံ့ခိုင်သော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်**

၁၉၂၇ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည်။ ယင်းအချိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကြီးအဖြစ် ကြေညာခြင်းမပြုရသေးပေ။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ သမိုင်းဖြစ်စဉ်သမိုင်းသည် ၁၉၃၃ ခုနှစ်တွင် စတင်၍ အတည်ပြုခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ၏ဦးဆောင်မှုဖြင့် တပ်နီတော်အား အလုပ်သမား၊ တောင်သူလယ်သမားတို့ကို အခြေခံဖွဲ့စည်းခဲ့ကြသည်၊ အင်အား ၈၀၀၀၀ ကျော်ဖြင့် ခရီးရှည်ချီတက်ပွဲဆင်နွှဲခဲ့ကြရာ ခေါင်းဆောင်ကြီး မော်စီတုံးက ဦးဆောင်ခဲ့သည်။ တပ်နီတော်၏ခရီးစဉ်သည် တောင်တန်းကြီး ၁၈ တောင်၊ မြစ်ပေါင်း ၂၄ မြစ်ကို ဖြတ်ကျော်ခဲ့ပြီး သဲကန္တာရနွံအိုင်များကိုလည်း ဖြတ်ကျော်ခဲ့ကြရသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ချန်ကေရှိတ်၏ကူမင်တန်တပ်များနှင့် စစ်ပွဲပေါင်းများစွာဆင်နွှဲခဲ့ရပြီး ပြည်တွင်းစစ်၊ ပြည်ပစစ်ကိုလည်း ပါဝင်ခဲ့ကြရသည်။

မည်သည့်နိုင်ငံမဆို အချုပ်အခြာအာဏာမတည်မြဲလျှင် သို့မဟုတ် အချုပ်အခြာအာဏာကို မကာကွယ်နိုင်လျှင် လွတ်လပ်ရေးဆုံးရှုံးခြင်းပင် ဖြစ်သည်။ မျက်မှောက်ခေတ်တွင် နိုင်ငံတိုင်းသည် ကာကွယ်ရေးစွမ်းအား မြင့်မားသည့် တပ်မတော်တစ်ရပ်ကို ထူထောင်ရန်လိုအပ်ပေသည်။ ကမ္ဘာ့သမိုင်းစာမျက်နှာများကို သင်ခန်းစာယူလျှင် ကာကွယ်ရေးစွမ်းအားလျော့နည်းချိန်တွင် နယ်ချဲ့ကျူးကျော်မှုကို ခံရတတ်သည်။ တရုတ်နိုင်ငံသည် ၁၈၉၄-၁၈၉၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၃၇-၁၉၄၅ ခုနှစ်တွင် တစ်ကြိမ် ဂျပန်တို့၏ကျူးကျော်ခြင်းခံခဲ့ကြရသည်။ အချုပ်ပြောရလျှင် တရုတ်နိုင်ငံသည် ဗြိတိသျှ၊ ဂျပန်တို့၏ ကျူးကျော်ခြင်းကိုခံခဲ့ရပြီး ကိုလိုနီကျွန်ဘဝရောက်ခဲ့ရသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် အတိတ်တွင်ကြုံတွေ့ခဲ့ရသော နိုင်ငံ၏ခါးသီးခြင်းဝေဒနာကို သင်ခန်းစာယူ၍ ခေတ်မီတိုးတက်သည့် တပ်မတော်တစ်ရပ်ကို ထူထောင်ခဲ့ကြသည်။ သမ္မတကျန့်ဇီမင်း၏ ခေတ်သစ်စစ်ရေးမူဝါဒထုတ်ပြန်ချက်တွင် "အနာဂတ်တွင်ဖြစ်ပွားမည့်စစ်ပွဲများတွင် နည်းပညာမြင့်မားသောစစ်ပွဲ၊ ဘက်စုံစစ်ပွဲ၊ အီလက်ထရွန်နစ်စစ်ပွဲနှင့်ဒုံးလက်နက်စစ်ပွဲတို့ပါဝင်ကြမည်ဖြစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အနေဖြင့် လက်တွေ့ကျကျ တိုက်ပွဲဝင်အသင့်ဖြစ်စေရမည်"ဆိုသည်မှာ တရုတ်နိုင်ငံ၏အနာဂတ်တပ်မတော် လက္ခဏာအသစ်ပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အချုပ်အခြာအာဏာလုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းကာကွယ်ခြင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအကျိုးစီးပွားနှင့် တရုတ်ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကိုလည်းအခြေခံ၍ တရုတ်နိုင်ငံ၏ နိုင်ငံတော်ကာကွယ်ရေးမူဝါဒကို ချမှတ်ခဲ့ခြင်းပင်ဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)တွင် ကြည်းတပ်ကဏ္ဍ၌ ခေတ်မီစစ်လက်နက်ပစ္စည်းများ၊ စွမ်းအားပြည့်ဝသော စစ်သည်များပိုင်ဆိုင်ခြင်း၊ ရေတပ်ကဏ္ဍ၌လည်း မဟာဗျူဟာမြောက်စစ်ဆင်ရေးများကို အခိုင်အမာတည်ဆောက်နိုင်ရန်အတွက် တတိယမြောက် လေယာဉ်တင်သင်္ဘောအထိ လက်ဝယ်ရှိပြီးဖြစ်သည့်အပြင် လေတပ်ကဏ္ဍ၌လည်း တိုက်လေယာဉ်များ၊ ဗုံးကြဲလေယာဉ်များ၊ ရှေ့ပြေးသတိပေးလေယာဉ်များ၊ ကင်းထောက်လေယာဉ်နှင့် ရဟတ်ယာဉ် စသည့်နည်းပညာမြင့်မျိုးဆက်သစ်လေယာဉ်များစွာကို ပိုင်ဆိုင်နေပြီဖြစ်သည်။ ထို့ပြင် လေကြောင်းရန်ကာကွယ်ရေးစနစ်၊ ဒုံးစနစ်၊ AI နည်းပညာ၊ Drone စနစ်များတွင် အဆင့်မြင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ခေတ်သစ်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံများထဲတွင် ပါဝင်လျက်ရှိပါသည်။

**မြန်မာ၏ထာဝရအိမ်နီးချင်းကောင်း**

အနောက်တိုင်းစကားပုံတစ်ခုက "You can change friends, but not neighours" ဖြစ်သည်။ အဓိပ္ပာယ်က "မိတ်ဆွေများကို ပြောင်းချင်သလောက်ပြောင်းနိုင်သည်။ သို့သော် သင်မပြောင်းနိုင်တာက အိမ်နီးနားချင်းပါ"ဟူ၍ဖြစ်သည်။ ၁၉၅၄ ခုနှစ် ဇွန်လ ၂၉ ရက်တွင် မြန်မာနှင့် တရုတ်နိုင်ငံတို့၏ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် (The Five Principles of Peaceful Coexistence) ကို ကမ္ဘာသို့ ပူးတွဲကြေညာခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းဦးစီး၍ တရုတ်-မြန်မာ နှစ်နိုင်ငံတို့၏သမိုင်းစာမျက်နှာအသစ် ရေးထိုးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ထိုငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို စတင်ကြေညာသည့် ၁၉၅၄ ခုနှစ်မှစ၍ နောင်နှစ်ပေါင်းများစွာအထိ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကြီးနိုင်ငယ်ညှဉ်းကင်းကင်း တန်းတူရည်တူ အပြန်အလှန်လေးစားဆက်ဆံခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ယုံကြည်စိတ်ချရမှုများရရှိစေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြ၏။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် စီးပွားရေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာ့အရေးနှင့်ပတ်သက်လာတိုင်း ခေတ်အဆက်ဆက် အိမ်နီးချင်းကောင်းဟူသော ဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်းဟူသောခံယူချက်ဖြင့် တရုတ်နိုင်ငံသည် သမိုင်းစဉ်ဆက် သက်သေထူလျက်ရှိသည်။ တစ်ချိန်တစ်ခါက တရုတ်-မြန်မာတို့ချုပ်ဆိုခဲ့သည့် နယ်နိမိတ်စာချုပ်သည် နှစ်နိုင်ငံခေါင်းဆောင်များနှင့်ပြည်သူများကြားထားရှိသည့် ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်များကို ဖော်ထုတ်ပြသခဲ့ခြင်းပင်ဖြစ်သည်။ ထိုစဉ်က တရုတ်နှင့်မြန်မာတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ပါအတိုင်း တစ်ဖက်နှင့်တစ်ဖက်နားလည်မှုရှိစွာ ဆောင်ရွက်ခဲ့သောကြောင့် အခြားသောကမ္ဘာ့အဖွဲ့အစည်းများကပင် စံနမူနာအတုယူခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

ခေတ်အဆက်ဆက် မြန်မာဘုရင်မင်းများနှင့် တရုတ်ဧကရာဇ်မင်းများ၏ နှစ်နိုင်ငံဆက်ဆံရေးအပြင် တပ်မတော်နှစ်ရပ်ဆက်ဆံရေးသည် ရွှေလမ်းငွေလမ်းဖောက်လုပ်ခဲ့ပြီးဖြစ်သည်။ ယနေ့အချိန်ထိ တပ်မတော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တပ်မတော်နှစ်ရပ်ကြား နည်းပညာဖလှယ်ခြင်းတို့ဖြင့် ပိုမိုရင်းနှီးခိုင်မာသောဆက်ဆံရေးကို တည်ဆောက်လျက်ရှိလေသည်။

**နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု**

နှစ်နိုင်ငံကြား အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများရှိသကဲ့သို့ပင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလျဉ်းသင့်၍တင်ပြလိုပါသေးသည်။ အရပ်ဘက်သံတမန်ဆက်ဆံရေးသည် ၂၀၂၄ ခုနှစ် ဇွန်လ ၈ ရက်တွင် (၇၄)နှစ်ပြည့်မြောက်ပြီဖြစ်ပြီး စစ်ဘက်သံတမန်ဆက်ဆံရေးအနေဖြင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးအား ၁၉၅၄ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဖွင့်လှစ်ခဲ့သလို တရုတ်စစ်သံရုံးကိုလည်း ၁၉၅၀ ပြည့်နှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဖွင့်လှစ်နိုင်ခဲ့သည်။

တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးခရီးသွားရောက်ခဲ့မှုများအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ တရုတ်နိုင်ငံ ကွေ့လင်မြို့၌ ကျင်းပပြုလုပ်ခဲ့သော အကြမ်းဖက်နှိမ်နင်းရေး လက်တွေ့လေ့ကျင့်ခန်း ADMM - Plus (VIP Program)သို့ ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် တရုတ်- မြန်မာ မဟာဗျူဟာလုံခြုံရေးဆိုင်ရာဆွေးနွေးပွဲ (3rd China-Myanmar Strategic Security Consultation)သို့ တက်ရောက်ခဲ့သည်။

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်များက သင်တန်းသားအရာရှိကြီးများဟာ လေ့လာရေးခရီး အပြန်အလှန်သွားရောက်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် နယ်ပယ်အလိုက် တပ်မတော်သားအဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်ချစ်ကြည်ရေးခရီးသွားရောက်ခြင်းနှင့် စစ်ဘက်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာအကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေးစာတမ်းဖတ်ပွဲ (Great Wall-2022 International Counter-terrorism Symposium) သို့ Video Conference စနစ်ဖြင့် မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ခြင်း၊ မြန်မာ့တပ်မတော်ဘက်မှ သင်တန်းသားများ တရုတ်နိုင်ငံရှိသက်ဆိုင်ရာသင်တန်းကျောင်းများတွင် တက်ရောက်သင်ကြားနေခြင်း၊ စစ်ဘက်ဆိုင်ရာဖိုရမ်များနှင့် အစည်းအဝေးများ အပြန်အလှန်တက်ရောက်ခြင်း၊ လေ့လာရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် စစ်ရေးပူးပေါင်းလေ့ကျင့်ရေးများကို ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်လျက်ရှိသည်။

**နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာခိုင်မြဲနေသည့် ဆက်ဆံရေးဆက်လက်တည်ရှိ**

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ (၉၇) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပေသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် အခက်အခဲပေါင်းမြောက်မြားစွာ၊ ရဲဘော်များ၏အသက်သွေးချွေးပေါင်းများစွာကိုအရင်းတည်၍ ဖြတ်သန်းတည်ဆောက်ခဲ့ကြရခြင်းလည်းဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီးအနေဖြင့် ရန်လိုမှုကင်းသော နိုင်ငံချစ်စိတ်တို့ဖြင့် အမိတိုင်းပြည်တရုတ်နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်လျက်ရှိပေသည်။ (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့တစ်ခုလုံးဟာ တရုတ်ပြည်ရဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ်တစ်ခုလုံးမှာ အရေးပါတဲ့အခန်းကဏ္ဍမှာပါဝင်နေတယ်ဆိုတာ ပြည့်စုံနက်ရှိုင်းစွာ သဘောပေါက်ထားရမယ်။ တပ်မတော်ဟာ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာပိုင်မှုနဲ့ လုံခြုံရေးကို အခြားအရာတွေထက် ဦးစားပေးရမယ်။ စစ်ရေးအသင့်ဖြစ်မှုဟာ **စာမျက်နှာ ၁၃ သို့ ***

စာမျက်နှာ ၁၃ သို့

* စာမျက်နှာ ၁၂ မှအဆက်

တပ်မတော်ရဲ့ အဓိကလုပ်ငန်းတာဝန်ဖြစ်တယ်။ သတင်းနည်းပညာခေတ်ကြီးမှာ မိမိရဲ့ခံစစ်နဲ့တိုက်စစ် တိုက်ပွဲဝင်စွမ်းရည်တွေကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ကြရမယ်။ တပ်မတော်ကြီးတစ်ခုလုံးဟာ စစ်ရေးလေ့ကျင့်မှုကို မဟာဗျူဟာအရေးပါမှုအဖြစ် ထည့်သွင်းထားရမယ်။ **"လက်တွေ့တိုက်ပွဲ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်မြှင့်တင်ထားရမယ်"**ဟု သမ္မတရှီကျင့်ဖျင်က ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် ကျင်းပသည့် ဗဟိုစစ်ကော်မရှင် တိုးချဲ့အစည်းအဝေးတွင် တပ်မတော်၏အရေးပါမှုကို ထည့်သွင်းပြောကြားခဲ့သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သည် သမိုင်းပေးတာဝန်အရ တိုင်းပြည်အပေါ် သစ္စာရှိခြင်း၊ ပြည်သူကိုချစ်မြတ်နိုးခြင်းတို့ဖြင့် ရပ်တည်လျက်ရှိသည်မှာ (၉၇)နှစ်ပြည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့တိုင်ခဲ့ပြီဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရ၊ တပ်မတော် နှစ်ရပ်နှင့် နှစ်နိုင်ငံပြည်သူတို့အကြား ချစ်ခင်ရင်းနှီးစွာ အိမ်နီးချင်းကောင်းများအဖြစ် တည်ရှိပြီးဖြစ်သည့် ခိုင်မြဲသည့်ဆက်ဆံရေးကို နှစ်နိုင်ငံတည်တံ့နေသမျှ ဆက်လက်ခိုင်မြဲနေအောင် ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

စေတုတ္တရာ၊ အားကစား

## မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနဆိုင်ရာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကိုဇူလိုင်လ ၂၉ ရက် ညနေပိုင်းတွင် စေတုတ္တရာမြို့နယ် မြို့မအားကစားကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ မြို့နယ်မီးသတ်ဦးစီးဌာနက ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနအသင်းအား အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုပေးပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရရှိသည့် မြို့နယ်မီးသတ်ဦးစီးဌာန ဘောလုံးအသင်းမှအားကစားသမားတစ်ဦးအား ငွေသားဆုကိုလည်းကောင်း၊ အသန့်ရှင်းဆုံးဆုရရှိသော မြို့နယ်အခြေခံပညာဦးစီးဌာန ဘောလုံးအသင်းကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးက တတိယဆုရရှိသော မုန်းလှျပ်စစ်ဓာတ်အားပေးစက်ရုံ+စေတုတ္တရာပင်မဓာတ်အားခွဲရုံ+မြို့နယ်လျှပ်စစ်ဌာနပေါင်းစုံဘောလုံးအသင်းအား ဂုဏ်ပြုငွေသားဆုများကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)က ဒုတိယဆုရရှိသော မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနဘောလုံးအသင်းအားဂုဏ်ပြုငွေသားဆုများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကပထမဆုရရှိသော မြို့နယ်မီးသတ်ဦးစီးဌာန ဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုငွေများပေးအပ်ကြောင်းနှင့် အဆိုပါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲကို မြို့နယ်ရှိ ဌာနပေါင်းစုံမှ အားကစားအသင်း ရှစ်သင်းဖြင့် ဇူလိုင်လ ၁၁ ရက်မှ ၂၉ ရက်အထိ ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

နတ်မောက်၊ ကျန်းမာရေး

## ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေး

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အခြေခံပညာမူလတန်းကျောင်း(ရန်အောင်မြင်)၌ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနဝန်ထမ်းများက ဇူလိုင်လ ၃၀ ရက်တွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းတို့ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမဒေါ်ခင်စန်းတင့်က တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာများ၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ဖုံးအုပ်မထားသည့် အစားအစာများ၊ မသန့်ရှင်းသော အစားအစာများကို စားသုံးခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနိုင်သည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား နား၊ မျက်စိ၊ သွားများကို ကျန်းမာရေးစစ်ဆေးပေးပြီး တစ်ဦးချင်းစီကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်များ ဖြည့်သွင်းပေးကြောင်း သိရသည်။

**လှဝင်း**



ကျိုက်မရော၊ လူမှုရေး

## သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပြောင်းရွှေ့နေရာချထားရေး ကြိုတင်ပြင်ဆင်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းပြီး အတ္ထရံမြစ်ရေလျှံတက်မှုကြောင့် မြစ်ကမ်းနားအနီးနေအိမ်များ၊ အနိမ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်များ၊ စာသင်ကျောင်းများအတွင်းသို့ မြစ်ရေများ ဇူလိုင်လ ၂၈ ရက်က စတင်ဝင်ရောက်လျက်ရှိရာ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အဆိုပါရပ်ကွက်နေပြည်သူများ ပြောင်းရွှေ့နေရာချထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဇူလိုင်လ ၂၉ ရက်တွင် အောင်သုခရပ်ကွက်ရှိ Cyclone Shulter အတွင်း၌ ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ ယာယီရေဘေးရှောင်စခန်းဖြစ်သည့် Cyclone Shulter အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက Cyclone Shulter အတွင်း မီးသတ်ပိုက်များဖြင့်ရေဆေးခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်ရှိမြက်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကျိုက်မရောမြို့နယ်အနေဖြင့် အတ္ထရံမြစ်ရေသည် ဇူလိုင်လ ၂၉ ရက် မွန်းလွဲပိုင်း တိုင်းတာချက်အရ အတ္ထရံမြစ်ရေအမှတ်မှာ ၄၈၈ စင်တီမီတာတွင် တည်ရှိနေပြီး မြစ်၏စိုးရိမ်ရေအမှတ်မှာ ၅၂၀ စင်တီမီတာ ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ရေဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့ထားနိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦး၏ ဦးဆောင်မှုဖြင့် ကော်မတီအဖွဲ့ဝင်များပူးပေါင်းကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် ဇူလိုင် ၃၀

# နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း သင်တန်းဖွင့်လှစ်

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ချောင်းမကြီး မျိုးသန့်ခြံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၂ မြို့နယ်မှ သင်တန်းသား တောင်သူလယ်သမားများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက နိုင်ငံတစ်ဝန်း၌ ရာသီဆီထွက်သီးနှံများကို နှစ်စဉ် ဧကရှစ်သန်းကျော် စိုက်ပျိုးလျက်ရှိရာ နှမ်းသီးနှံ ဧကလေးသန်းနီးပါး စိုက်ပျိုးလျက်ရှိသဖြင့် ဆီထွက်သီးနှံများအနက် အများဆုံး စိုက်ပျိုးထုတ်လုပ်သည့် သီးနှံတစ်ခုအဖြစ်တွေ့ရှိရကြောင်း၊ နှမ်းသီးနှံစိုက်ပျိုးရန် တစ်ဧကအတွက် အသုံးပြုရသည့် မျိုးစေ့ပမာဏ နှစ်ပြည်သာအသုံးပြုရပြီး မျိုးစေ့နှုန်းထားအနည်းဆုံးဖြစ်သည့်အပြင် နှမ်းတစ်တင်းမှ ဆီ ၆ ပိဿာထွက်ရှိသဖြင့် ဆီပါဝင်မှုရာခိုင်နှုန်းအများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် နှမ်းသီးနှံအများဆုံးစိုက်ပျိုးကြသည့် ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၂ မြို့နယ်မှ တောင်သူများကို ဦးစားပေးဖိတ်ခေါ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧက အထွက်နှုန်းတိုးတက်ထွက်ရှိစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြေပဲ တစ်ဧက သုံးသိန်းကျပ်နှုန်း၊ နေကြာ တစ်ဧက နှစ်သိန်းကျပ်နှုန်း၊ နှမ်းတစ်ဧက တစ်သိန်းခွဲ ကျပ်နှုန်းနှင့် ညီမျှသော သွင်းအားစုများထုတ်ပေးပြီး ဆီစက်လုပ်ငန်းရှင်များက သီးနှံများပြန်လည်ဝယ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်၁၀ မြို့နယ်နှင့် မျိုးသန့်ခြံနှစ်ခြံတွင် နှမ်းသီးနှံဆိုင်ရာ သုတေသနစမ်းသပ်ကွက်များကို လေးရာသီဆောင်ရွက်ခဲ့ပြီး တောင်သူကွင်းသရုပ်ပြပွဲများကို ကျောက်ဆည် ချောင်းမကြီးမျိုးသန့်ခြံ၊ မလှိုင်မျိုးသန့်ခြံနှင့် နတ်မောက်မြို့နယ်တို့တွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုသင်တန်းတွင် နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းနည်းပညာများကို မျှဝေပေးသွားမည်ဖြစ်ပြီး နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်နှင့် မျိုးစေ့ထုတ် သုတေသနစိုက်ကွင်းများကို လက်တွေ့လေ့လာနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ပြင် RS အဆင့် (မျိုးသန့်မျိုးပွားမျိုးစေ့) ဆင်းရတနာ (၁၄) နှမ်းမျိုးစေ့များကို တောင်သူများအား ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ဝါသီးနှံမျိုးသန့်ခြံများဖြစ်ကြသည့် ချောင်းမကြီးခြံနှင့် ပျော်ဘွယ်ခြံတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စည်ပင်ခြံကိုလည်းကောင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝါဂွမ်းချည်မျှင်တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဝါသီးနှံမျိုးသန့်များ စနစ်တကျဖြန့်ဖြူးပေးနိုင်ရေး၊ ဒေသခံတောင်သူများအား ပညာပေးစည်းရုံးဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

---

နေပြည်တော် ဇူလိုင် ၃၀

# ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ လှေလှော်အင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၂ ပါးနှင့်ဒေသခံပြည်သူ ၅၅ ဦး စုစုပေါင်း ၅၇ ဦးတို့ကို အဆိုပါကျေးရွာရှိ ကျိုက်ဒေးဖွဲ့ကျောင်းတိုက်၌လည်းကောင်း၊ တိုက်ကြီးမြို့နယ်၊ သရက်ချောင်းကျေးရွာအုပ်စု၊ ချောင်းကျိုးကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၀ ဦးတို့ကို အဆိုပါကျေးရွာရှိ အာစိန္ဒသီရိပရဟိတကျောင်းတိုက်၌လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

နေပြည်တော် ဇူလိုင် ၃၀

# ရေနံချောင်းမြို့နယ်၊ ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ ဇူလိုင်လ ၂၈ ရက်နေ့က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် အမျိုးသမီး ၁ ဦးသေဆုံးခဲ့ပြီး၊ ၄ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ရေနံချောင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် ကုက္ကိုခွကျေးရွာအုပ်စုအနီးဝန်းကျင်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောနယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုများမရှိကြောင်း သိရှိရသည်။

၎င်း PDF အမည်ခံအကြမ်းဖက်သမားများသည် ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အဓမ္မငွေကြေးကောက်ခံခြင်းနှင့် ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

⏭| ကျောဖုံးမှအဆက်

အသင်းတို့ကစားခဲ့ရာ ကချင်ယူနိုက်တက်အသင်းက ၇ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ကချင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်နှင့် ၅၈ မိနစ်တွင် အောင်သူရိန်၊ ပွဲချိန် ၄၄ မိနစ်နှင့် ၈၉ မိနစ်တွင် အက်ဂွန်လန်၊ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို ၁ မိနစ်တွင် သန့်ဇော်ဟိန်း၊ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို ၃ မိနစ်တွင် စိုင်းအောင်နှင့် ပွဲချိန် ၈၄ မိနစ်တွင် ဇော်လွင်မိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရောဝတီရိန်းဂျားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၉ မိနစ်တွင် ကျော်ထက်၊ ပွဲချိန် ၇၂ မိနစ်တွင် စိုးသူရိန်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ချင်းလန်းအသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ရွှေပြည်သာယူနိုက်တက်အသင်းက ၆ ဂိုး ၄ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၉ မိနစ်တွင် ရန်ပိုင်လင်းထက်၊ ပွဲချိန် ၂၈ မိနစ်တွင် ဒယ်ဒီဂျူနီယာ၊ ပွဲချိန် ၅၂ မိနစ်၊ ၅၄ မိနစ်နှင့် မိနစ် ၆၀ တို့တွင် ချစ်ထွေး၊ ပွဲချိန် ၉၂ မိနစ်တွင် စောဖွေးတို့ကသွင်းယူပေးနိုင်ခဲ့ပြီး ချင်းလန်းအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇ မိနစ်၊ ၄၉ မိနစ်နှင့် ၇၃ မိနစ်တို့တွင် လှဖုန်းဦး၊ ပွဲချိန် ၁၇ မိနစ်တွင် ဝေယံထွန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ဇူလိုင်လ ၃၁ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ဆေးဗားစတားအသင်းနှင့် Glory Goal အသင်း၊ ညနေ ၃ နာရီခွဲတွင် University အားကစားကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် University အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

---

နေပြည်တော် ဇူလိုင် ၃၀ **မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

နေပြည်တော် ဇူလိုင် ၁၀

# ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ စိုက်ပျိုးရေရရှိရေး ဆိုလာရေတင်စနစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကောက်ရိုးမြေဆွေးပြုလုပ်ခြင်းသရုပ်ပြပွဲကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာသို့ ရောက်ရှိပြီး စိုက်ပျိုးရေရရှိရေးအတွက် ပေ ၂၀၀ စက်ရေတွင်း ဆိုလာရေတင်စနစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုအားပေးကာ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရေကို တောင်သူများအချင်းချင်း စနစ်တကျ မျှတစွာခွဲဝေသုံးစွဲရေးနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ ကွင်းအမှတ်(၁၆၃၆)၌ကျင်းပသည့် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကောက်ရိုးမြေဆွေးပြုလုပ်ခြင်းသရုပ်ပြပွဲသို့ တက်ရောက်၍ ကောက်ရိုးမြေဆွေးပြုလုပ်မှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် တာဝန်ရှိသူများက ကောက်ရိုးမြေဆွေးသဘာဝမြေဩဇာအဖြစ် ပြုလုပ်ပုံအဆင့်ဆင့်နှင့် အသုံးပြုပုံများ၊ သဘာဝမြေဩဇာအသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ပျိုးဗန်းများဖြင့် စပါးမျိုးပျိုးထောင်မှုစနစ်များ၊ ကောက်စိုက်စက်များဖြင့်စိုက်ပျိုးပေးနေမှုများ၊ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းတစ်လျှောက် ရေဝပ်သောနေရာများအား နိုင်လွန်ကတ္တရာဖြည့်ခင်းခြင်းလုပ်ငန်းများနှင့် လေဆိပ်အနီးပန်းနှင်းဆီအဝိုင်းပတ်လမ်း၌ နိုင်လွန်ကတ္တရာပြုပြင်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် လမ်းများပေါ်တွင် ရေတင်ရေဝပ်ခြင်းများမဖြစ်ပေါ်စေရေး လိုက်လံစစ်ဆေးဆောင်ရွက်ရန်နှင့် လမ်းဘေးရေဆင်းမြောင်းများ ဖောက်လုပ်ထားရှိရန်၊ ရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျစီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် လေဆိပ်လမ်းပေါ်ရှိ ရထားသံလမ်းကူးနေရာနှင့် သဲကောကြီးတံတား အတက်အဆင်းလမ်း ချောမွေ့စေရေးအတွက် နိုင်လွန်ကတ္တရာဖြည့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းရပ်ကွက်များနှင့် လူနေရပ်ကွက်များ၌ သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး MICC-2၊ သီရိရတနာအဆင့်မြင့်ဈေး၊ သဇင်ဆောင်၊ သပြေဆောင်၊ ဉာဏသိဒ္ဓိရပ်ကွက်နှင့် ပိတောက်အိမ်ရာတို့သို့ သောက်သုံးရေဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်သည့် (၅၃၅)ရေပေးရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၁၀

# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တို့ကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့နှုန်းနှင့်အတူ အမီလိုက်ပါနိုင်ရန်နှင့် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု IT နည်းပညာရှင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြား၍ တက္ကသိုလ်ပင်မဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် တစ်တပ်တစ်အားဖြစ်စေမည့်အင်ဂျင်နီယာလူငယ်များကို နိုင်ငံတကာစံနှုန်းများပြည့်မီစွာ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၁၀

# ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု(က)တွင် ကချင်ပြည်နယ်အသင်းက အုပ်စုပထမနှင့် မန္တလေးတိုင်းဒေသကြီးအသင်းက အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့တက်ရောက်



မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်နှင့် ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီတွင် ပေါင်းလောင်းအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပခဲ့သည်။

ယနေ့ အမျိုးသားဘောလုံးအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပေါင်းလောင်းအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်စလုံး ဂိုးမရှိ သရေရလဒ်ဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်စလုံး နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း အသီးသီးအကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အုပ်စု(က)တွင် ကချင်ပြည်နယ်အသင်းက အုပ်စုပထမနှင့် မန္တလေးတိုင်းဒေသကြီးအသင်းက အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်**(ယနေ့)** ညနေ ၃ နာရီတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပေါင်းလောင်းအားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ချင်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဘောလုံးအားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

COMMERCE

# Myanmar earns US$-1.39 bln from the agricultural export in the first quarter of the current financial year



Myanmar's agricultural exports totalled US$-1.39 billion in the first quarter of the current financial year 2024-2025, beginning 1 April, the Ministry of Commerce's statistics indicated.

The figures rose from US$-843.6 million recorded in the corresponding period last FY, showing a sharp increase of US$-549.426 million.

Myanmar carries out international trade through border and maritime trade channels. It exports agricultural products, animal products, minerals, forest products, and finished industrial goods, while it imports capital goods, intermediate goods, raw materials imported by the CMP enterprises and consumer goods.

Myanmar exports agricultural produce, animal products, minerals, forest products, and finished industrial goods through maritime and border trade channels. At the same time, it imports capital goods, intermediate goods, raw materials imported by the CMP enterprises and consumer goods.

Myanmar has been implementing the National Export Strategy (NES) 2020-2025 in order to boost exports. The priority sectors of the NES include agricultural production, garment and apparel, industrial and electronic device, fishery business, forest product, digital manufacturing and service, logistic service, quality management, trade information service, innovation and entrepreneurship sectors. **SK**

BUSINESS

# More than 700 businesspersons engaged in trading maize and sesame starting from second week of July



"Number of businesspersons increased to more than 700 in trading sesame, beans and maize in Mandalay Commodity Depot starting from the second week of July this year," said U Set Maung Swe, Secretary of Merchants, Brokers and Millers Maha Kahteindaw Association (Mandalay Commodity Centre).

Trading of pulses and beans, maize and sesame are in normal in Mandalay. Starting from the first week of July, number of entrepreneurs has been on the rise.

"Now, beans, maize and sesame are in good trading slightly. Chickpea, green gram and sesame are in good trading. Just some of commodities are not in high demand," he explained.

More than 500 businesspersons were engaged daily in trading of maize, beans and sesame in the last week of June, compared with more than 700 businesspersons per day in the first week of July.

"At present, merchants purchase green gram, kidney bean, nylon bean, sesame and chickpea with high demand. Remaining commodities are in normal trade," he added.

The commodity depot is open for convenient trading of merchants from 8 am to 4 pm daily. **SMK**

BUSINESS

# Mandalay market sees surge in Myinmu wheat demand

"The wheat produced from Myinmu Township is receiving high demand in the Mandalay market," said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

It is reported that high-quality wheat from Myinmu Township has re-entered the Mandalay market, and the purchase of these wheats in the Mandalay market has increased more than before, and trade is recovering.

"In the domestic market, the demand for good quality wheat from Myinmu Township has increased again in the Mandalay market and Taunggyi as well as other cities. Due to the increase in the demand for wheat from Myinmu Township, the wheat trade has recovered," he continued.

It has been reported that the good quality wheat produced from Myinmu Township has increased due to the orders from various townships, and due to the increase in domestic purchases, wheat trading has recovered in the Mandalay market. **SK**

INVESTMENT

# Magway Region approves new investment in July

According to the Magway Region Government, a new Myanmar citizen-owned investment was approved in July 2024, leading to the creation of 11 new jobs.

"At the Magway Region Investment Committee meeting 6/2024 held on 26 July, an investment by a Myanmar citizen in the industrial production sector was approved. The capital for this new investment is US$-1.3 million and Ks-5,833.814 million. It will generate 11 job opportunities," said a member of the Magway Region Government Committee.

The report highlights an increase in both existing and new investment amounts, as well as a rise in the workforce during this period. The Magway Region Investment Committee reviews and approves new Myanmar citizen and foreign investments monthly, in accordance with laws, rules, and regulations, to foster job creation within the region. **SMK**

COMMERCE

# Kawthoung border trade reaches over US$-28 million

Myanmar's Kawthoung border with Thailand reached US$-28.48 million as of 22 July this month, the Ministry of Commerce stated.

Fisheries exports in Kawthoung are operating with a free-on-board (FOB) system. There is always a trade surplus at the Kawthoung border. The main export items are various fish, shrimp, squid, crab, anchovy and oil palm. The border was set to achieve a trade target of US$-20 million for July, and actual trade value has already surpassed the trade target.

The Ministry of Commerce has been prioritizing trade promotion. Thailand grants zero tariffs for maize imports between 1 February and 31 August yearly. Myanmar conveys maize directly from Yangon Port to Ranong Port. Some are exported through the Kawthoung border as well.

Myanmar sent 87,748 tonnes of maize worth US$-20.622 million to Ranong via Kawthoung border as of 22 July. Kyatbaht trade settlement is also operational in the Kaw-thoung border with authorized dealers (A Bank, MEB, KBZ and AYA).

The Kawthoung border performed the fourth-largest trade between Myanmar and Thailand, according to the Ministry of Commerce's statistics. **SK**

LIVESTOCK

## Poultry farmers interest in raising imported lionhead geese

These lionhead geese are bigger than those in the domestic poultry market, and interest in them varies from breeding them as pets to breeding them for laying eggs.

"The geese we breed are not the same as ordinary geese in Myanmar. They are two and a half to three times the size of a domestic goose. The large one weighs 6.5 visses to 8 visses. The common one we see weighs 2.5 visses. Before COVID-19, we imported them from China and Thailand. They are called lionhead geese in Myanmar. It is tall and has a mane-like feather around its neck. Many people are interested in baby geese. It hasn't been long since they arrived in Myanmar," said a goose importer and breeder.

There are two types — white geese imported from Thailand and grey geese imported from China.

"At the moment, supply doesn't meet demand. It is not sure about market expansion. Under normal circumstances, they are good for trading," he said.

The advantages of lionhead geese include a high growth rate, survival on rough feeds, worth breeding for both meat and eggs and good profits for breeders.

**SMK**

AGRICULTURE

## Farmers reap more than 25,000 acres of summer paddy in Shwebo Township



Shwebo Township Agriculture Department stated that a total of 25,599 acres of summer paddy has been harvested in Shwebo Township of Sagaing Region.

They started reaping in June this year. So far, they have harvested 25,599 acres of summer paddy, yielding 90.03 baskets of paddy per acre.

"Local farmers planted 54,536 acres of summer paddy, 25,599 acres of which has been harvested so far. Local farmers plan to expand sown acreage of monsoon paddy. Our staff members educated local farmers to prevent pests, minimize loss of crops and keep harvested paddy under shelter," said U Hsan Oo, Head of Township Agriculture Department.

The township earmarked cultivation of 32,137 acres of summer paddy in the township in 2023-2024 summer paddy but local farmers planted 54,436 acres of summer paddy exceeding the target.

Agricultural officials help local farmers use quality strains of crops, make natural fertilizers and grow monsoon crops in time. **SK**

WATERWAY

## Vessels need to take care of whirlpools in third defile of Ayeyawady River



"Cargo and passenger vessels need to take care of whirlpools in third defile in driving along the water course in Ayeyawady River," said U Ye Tun Lin Aung, Assistant Director of Mandalay Region Department of Water Resources and Improvement of River Systems.

Whirlpools are happening in Thabeikkyin Township along the water course of the river from Mandalay to Bhamo as the river has high level of water.

"If vessels enter whirlpools, it is very dangerous. If the whirlpool is large, it can cause sinking of vessels," he added.

So, vessels need to take care of navigation signs posted along both sides of the river from Mandalay ports to Bhamo.

"At a time when Ayeyawady River has high water level, it may cause high current and whirlpools. Hence, vessels should not cross the whirlpools. They have to check their engine power and current speed in travelling," he noted.

**SMK**

AGRICULTURAL LOAN

## More than Ks-9.623 billion disbursed for monsoon crop growers this year in Mandalay Region

According to Mandalay Region Myanmar Agricultural Development Bank branch, Ks-9.623 billion has been disbursed to local farmers for cultivation of monsoon crops in Mandalay Region.

"The bank branch issued loans to local farmers for growing monsoon crops starting from the third week of May. In this regard, the loans covered paddy and other crops in 23 townships. So far, Ks-9.623 billion was disbursed for 15,407 farmers from 194 village-tracts in 18 townships for growing monsoon crops on 87,022 acres of lands," said U Aung Myo Than, deputy regional manager of the bank branch.

"The loan will be issued to farmers till the end of September. So far, the loans have covered more than 87,000 acres of farmlands of paddy and other crops. Interest rate is 5 percent. The loans will be issued for monsoon, winter and premonsoon seasons. The remaining townships will get loans," he explained.

In disbursement of loans, Ks-150,000 per acre of paddy and Ks-100,0000 per acre of groundnut, green gram, sesame, cotton, chickpea, black bean, soya bean, rice bean and maize will be issued to local farmers.

Local farmers from Chanayethazan, Amarapura, Patheingyi, PyinOoLwin, Kyaukse, Singaing, TadaU, Myittha, Meiktila, Wundwin, Mahlaing, Thazi, Taungtha, Natogyi, Yamethin, PYawbwe, NyaungU and Kyaukpadaung townships have got loans from the bank. **SK**

RUSSIA

# Russian navy starts extensive drills involving majority of its fleet

Major Russian naval drills kicked off on July 30. The main goal of the exercises is to check the actions of the Navy's military authorities at all levels, as well as the readiness of ship crews, naval aviation units and coastal troops of the Navy to perform tasks, the Russian Ministry of Defence explained.

The Russian Navy has begun planned exercises on the use of forces by the Baltic, Northern and Pacific Fleets, and the Caspian Flotilla, the Ministry of Defence announced on Tuesday.

"Associations and formations of the Russian Navy have begun conducting planned exercises in the operational zones of the Northern, Pacific and Baltic Fleets, as well as in the area of responsibility of the Caspian Flotilla," the ministry said in a statement.

The Ministry clarifies that about 300 surface ships and boats, submarines and support vessels, up to 50 aircraft, more than 200 units of military and special equipment, and over 20,000 military personnel are involved in combat training events.

Within a few days, the crews of ships, naval aviation units and coastal troops of the three fleets, and the Caspian Flotilla, will perform over 300 combat exercises with the practical use of weapons.

Earlier, Russian Presidential Aide Nikolai Patrushev said that the president had decided to form a Maritime Board. It will include councils for the strategic development of the Russian Navy, the protection of Russian national interests in the Arctic, as well as the development and maintenance of our country's maritime activities.

**Spunik**

INDIA

# Nearly 100 killed in South India landslides

The death toll in Tuesday's multiple landslides in India's southern state of Kerala further rose to 95, with more than 110 people injured, a local police officer told Xinhua over phone.

At least three massive landslides struck the Meppadi area of Kerala's Wayanad District at around 02:00 a.m. local time when the people were asleep. Those injured were admitted to a local hospital.

Several villages, including Mundakkai, Chooralmala, Attamala and Noolpuzha, were said to be among the worst-affected areas. Many people were feared to have been washed away in the Chaliyar river.

An online report by India Today claimed that "hundreds were trapped" under the debris, even as an entire area was swept away in the natural tragedy. "At least 106 people have been killed, 128 injured, and hundreds of others are feared trapped," said the online report.

Rescue work was continuing, as the personnel belonging to the Indian Army, the Indian Air Force (IAF) and the Indian Navy were deployed for bringing out those trapped.

According to the Indian Army, they had deployed 225 personnel, including medical teams. Two Indian Air Force helicopters, a Mi-17 and an Advanced Light Helicopter, were put into rescue operations.

**Xinhua**



Torrential downpours have battered India's southern coastal state of Kerala.

UNITED STATES

# Raging U.S. wildfires cause evacuations, health alerts



As firefighters in Northern California continued battling the country's largest active fire, a new blaze raged Northern Colorado on Monday, prompting evacuations and causing unhealthy air quality alerts.

The Park Fire in Northern California has become the largest wildfire in the state so far this year and the sixth-largest in the state's history. It has consumed 373,357 acres (1,511 square km) across four counties.

The California Department of Forestry and Fire Protection (Cal Fire) reported that the blaze was 12 percent contained on Monday afternoon. The fire's rapid spread has been fueled by abundant vegetation and one of the area's hottest, driest summers on record.

The Park Fire's destructive path also left 109 structures destroyed and five others damaged, with over 4,200 more under threat.

Authorities believed the fire was deliberately set in a park near Chico last Wednesday afternoon. A 42-year-old Chico resident has been arrested and charged with felony arson in connection with the incident.**Xinhua**

LEBANON

# Hezbollah member killed in Israeli airstrike on Lebanese village

A Hezbollah member was killed on Tuesday at dawn in an Israel airstrike on the village of Bayt Lif in the central part of the border area in southern Lebanon, Lebanese military sources told Xinhua.

The military sources, who spoke anonymously, said that Israel launched an air-to-ground missile on a house in Bayt Lif, killing the Hezbollah member Hassan Hussein Malek.

Israeli drones and warplanes carried out three raids at dawn on three border towns and villages in southern Lebanon, while Israeli artillery targeted six towns and villages with about 25 shells.

Tensions along the Lebanon-Israel border escalated on October 8, 2023, following a barrage of rockets launched by the Lebanese armed group Hezbollah toward Israel in solidarity with Hamas' attack on Israel the day before. Israel then retaliated by firing heavy artillery toward southeastern Lebanon. Tension in the border area of southern

**Xinhua**

GREECE

# Greece on alert after outbreak of small-ruminants plague

Greece has culled approximately 9,000 animals following an outbreak of the small-ruminants plague (PPR). This action was part of efforts to contain the spread of the contagious and deadly viral disease, after inspections of over 230,000 goats and sheep on the mainland over the past week, Greek Agricultural Development and Food Minister Kostas Tsiaras said on Tuesday.

"We are taking all necessary measures to address the issue," he told Greek broadcaster ERT, adding that there was no risk to public health.

The Agriculture Ministry has announced a nationwide ban on the transport of goats and sheep for any reason as a preventive step, as experts were trying to locate the origin of the disease.

The first cases were identified in the region of Thessaly in central Greece last week, where units were placed under quarantine. On Monday a few cases were reported also near Athens and on the Peloponnese peninsula in southern Greece. Breeders said that some animals tested positive were imported from Romania.

Greek authorities also proceeded to ban imports of goats and sheep from Romania untill this Friday.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The psychology of learning: Understanding how we absorb knowledge



In an era where information is at our fingertips, understanding the psychology of learning is more crucial than ever for college students. This knowledge not only enhances academic performance but also nurtures a lifelong love for learning. In this article, we'll explore the fascinating world of learning psychology, sprinkled with facts and statistics, presented in a friendly and informative tone.

**The Basics of Learning Psychology**

Learning psychology delves into how we absorb, process, and retain new information or skills. According to educational psychologist Benjamin Bloom, learning domains are categorized into cognitive (mental skills), affective (emotional areas), and psychomotor (physical skills).

**Cognitive Domain**

This domain involves mental processes related to learning. It's further divided into six levels, as per Bloom's Taxonomy: Remembering, Understanding, Applying, Analyzing, Evaluating, and Creating. A study by the National Training Laboratories found that teaching methods dramatically affect retention rates, with lecture-style teaching having a 5 percent retention rate, while practice by doing offers a 75 percent retention rate.

**Affective Domain**

It involves emotions, attitudes, and feelings. Research shows that emotions significantly impact learning. Positive emotions like curiosity and interest can enhance learning, while negative emotions like anxiety can impede it.

**Psychomotor Domain**

This is about physical movement, coordination, and use of motor-skill areas. Learning in this domain is often visible as learners develop new skills.

**Learning Styles**

1. Visual (Spatial): Visual learners prefer using images and spatial understanding. Infographics and diagrams are helpful for them.
2. Aural (Auditory-Musical): These learners prefer using sound and music. Lectures and discussions work best for them.
3. Verbal (Linguistic): They prefer using words in writing and speech.
4. Physical (Kinesthetic): Physical learners prefer using their body, hands, and sense of touch.
5. Logical (Mathematical): These learners prefer using logic, reasoning, and systems.
6. Social (Interpersonal): These people learn best with others.
7. Solitary (Intrapersonal): They prefer to work alone and use self-study.

It's essential to note that Howard Gardner's Theory of Multiple Intelligences suggests people have different kinds of 'intelligences,' and learning styles are just preferences, not fixed traits.

**Learning and Memory**

Memory plays a vital role in learning. There are three main stages of memory processing:

1. Encoding: This is when new information is changed into a form that can be stored.
2. Storage: It's the creation of a permanent record of the encoded information.
3. Retrieval: Recalling or using previously learned information.

The Ebbinghaus Forgetting Curve shows that without reinforcement, information is quickly forgotten, where approximately 56 percent of information is lost within an hour, 66 percent after a day, and 75 percent after six days.

**Strategies for Effective Learning**

1. Active Learning: Engaging with the material, like summarizing, questioning, and teaching others, can significantly improve retention.
2. Spaced Practice: Spreading out study sessions over time is more effective than cramming.
3. Interleaving Practice: Mixing different topics or forms of practice can enhance learning more than focusing on one skill at a time.
4. Elaborative Interrogation: Asking 'why' and explaining how things work helps in understanding and remembering information.
5. Self-Explanation: Explaining a concept in your own words is a powerful learning tool.
6. Dual Coding: Combining words and visuals can improve learning.
7. Mnemonic Devices: Using aids like acronyms or rhymes helps in memorizing.
8. Growth Mindset: Believing that intelligence can be developed encourages students to embrace challenges, persist in the face of setbacks, see effort as the path to mastery, learn from criticism, and find lessons and inspiration in the success of others.



**The Role of Technology in Learning**

Technology has revolutionized learning. Online resources, educational apps, and virtual classrooms offer varied and interactive learning opportunities. According to a report by Global Industry Analysts, the global e-learning market is expected to reach $325 billion by 2025. This trend underlines the increasing reliance on technology in education.

**Mental Health and Learning**

Mental health is closely linked to learning. Stress and anxiety can negatively affect memory and cognitive functions, making learning more challenging. On the other hand, positive mental health can enhance cognitive abilities and improve academic performance. According to the American Psychological Association, 61percent of college students seeking counseling report anxiety, with academic performance being a significant stress factor.

The psychology of learning is a vast and dynamic field. Understanding it can transform the way college students approach their studies, making learning more efficient, enjoyable, and effective. By acknowledging individual learning styles, employing effective study strategies, and maintaining a positive mindset, students can unlock their full learning potential. As we continue to explore and understand the complexities of the human mind, the journey of learning remains an ever-evolving, fascinating adventure.

**Youth Time Magazine**

# BUSINESS

## အမေရိကန်၌ ကလေးတစ်ဦးလျှင် ဒေါ်လာ လေးသိန်းကျော်စီ အကြွေးတင်နေသည့်အခြေအနေဖြစ်လာ



အမေရိကန်နိုင်ငံ၏ နိုင်ငံတော်ကြွေးမြီပမာဏသည် ဒေါ်လာ ၃၅ ဘီလီယံကိုစံချိန်တင်ကျော်လွန်လာပြီးနောက် ကလေးငယ်တစ်ဦးလျှင် ဒေါ်လာလေးသိန်းကျော်စီ အကြွေးတင်နေသည့်အခြေအနေဖြစ်လာသည်။

ယခုကဲ့သို့ နိုင်ငံတော်ကြွေးမြီပမာဏမြင့်တက်လာခြင်းသည် သတိပေးခေါင်းလောင်းထိုးလိုက်ခြင်းပင်ဖြစ်သည့်အတွက် လျင်မြန်စွာမြင့်တက်လာသောကြွေးမြီကိစ္စကိုဖြေရှင်းနိုင်စေရေး ဘဏ္ဍာရေးနှင့်ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာ တာဝန်ယူမှုကိုပိုမိုလုပ်ဆောင်ရန် အောက်လွှတ်တော် ဘဏ္ဍာငွေအရအသုံးကော်မတီကထုတ်ပြန်ထားသည်။

နိုင်ငံတော်ကြွေးမြီများသည် ဒေါ်နယ်ထရမ့်နှင့်ဂျိုးဘိုင်ဒင်တို့၏ လက်ထက်၌ပိုမိုများပြားလာခြင်းဖြစ်သည်။ ထရမ့်ကမူ ၂၀၁၆ ခုနှစ်ရွေးကောက်ပွဲတွင် ၎င်းသာအနိုင်ရပါက ကြွေးမြီပမာဏလျှော့ကျရေးလုပ်ဆောင်မည်ဟု ကတိပြုဖူးသည်။

ဒေါ်နယ်ထရမ့်က သမ္မတအဖြစ်မှအနားယူသွားချိန်တွင် နိုင်ငံတော်ကြွေးမြီသည် ဒေါ်လာ ၈ ဒသမ ၄ ထရီလီယံတိုးပြီး ဒေါ်လာ ၂၇ ဒသမ ၇ ထရီလီယံအထိရှိသည်။

လက်ရှိသမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင်မှ အဆိုပါနိုင်ငံတော်ကြွေးမြီပမာဏသည် ဒေါ်လာ ၃၅ ထရီလီယံကိုကျော်လွန်လာခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ကြွေးမြီပမာဏသည် ပြည်သူတစ်ဦးလျှင် ၁၀၄၄၉၇ ဒေါ်လာနှုန်း၊ အိမ်ထောင်စုတစ်စုလျှင် ၂၆၆၂၇၅ ဒေါ်လာနှုန်းနှင့် ကလေးငယ်တစ်ဦးလျှင် ၄၈၃၈၈၉ ဒေါ်လာနှုန်းအကြွေးတင်နေသည်နှင့်ညီမျှကြောင်း အောက်လွှတ်တော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီကတွက်ချက်ပြထားသည်။

ပြီးခဲ့သည့် ၁၂ လအတွင်းမှာပင် အမေရိကန်နိုင်ငံ၏နိုင်ငံတော်ကြွေးမြီပမာဏသည် ဒေါ်လာ ၂ ဒသမ ၃၅ ထရီလီယံမြင့်တက်လာသည့်အတွက် တစ်စက္ကန့်လျှင် ၇၄၄၀၁ ဒေါ်လာအကြွေးတင်နေသည်နှင့်ညီမျှနေသည်။

ယခုကဲ့သို့ အမေရိကန်နိုင်ငံ၏လွဲမှားနေသော ငွေကြေးမူဝါဒ၊ ဘဏ္ဍာငွေလိုငွေပြမှုနှင့် ကြွေးမြီပမာဏမြင့်တက်မှုတို့သည် တစ်ကမ္ဘာလုံး၏စီးပွားရေးအတွက် အန္တရာယ်များကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကထုတ်ပြန်ထားသည်။

***Ref: RT***

***K.H***

## ထိုင်းနိုင်ငံက အရှေ့တောင်အာရှ၌ ကာဗွန်ထုတ်လွှတ်မှုအတွက်အခွန်ကောက်မည့်ဒုတိယနိုင်ငံဖြစ်လာ

ထိုင်းနိုင်ငံက အရှေ့တောင်အာရှ၌ ကာဗွန်ထုတ်လွှတ်မှုအတွက် အခွန်ကောက်မည့် ဒုတိယနိုင်ငံဖြစ်လာပြီဖြစ်သည်။ ပထမနိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်သည်။

ထိုကဲ့သို့အခွန်ကောက်မှုသည် ကမ္ဘာကြီးပူနွေးမှုကို လျှော့ပါးကျဆင်းစေရေးတွင် အထောက်အကူပြုမည့် သန့်ရှင်းစွမ်းအင်များကို ပိုမိုအသုံးပြုစေရေးအတွက် ကြီးမားသော တွန်းအားဖြစ်လာမည်ဟု ကျွမ်းကျင်သူများကပြောသည်။

ထိုင်းနိုင်ငံက ကာဗွန်ထုတ်လွှတ်မှုအတွက် အခွန်ကောက်ခံခြင်းကို လာမည့်နှစ်တွင်စတင်သွားမည်ဖြစ်သည်။ ထိုသို့သော အခွန်ကောက်ခံခြင်းသည် ကနဦးတွင် ပြည်တွင်းနှင့်ဒေသတွင်းကာဗွန်ထုတ်လွှတ်မှုအပေါ် မည်သို့မျှအကျိုးသက်ရောက်စေဦးမည်မဟုတ်ပေ။

သို့သော် စွမ်းအင်ထုတ်လုပ်သူများနှင့် ပုဂ္ဂလိက ကဏ္ဍများအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းသည် အစိုးရ၏ဦးစားပေးမူဝါဒဖြစ်သည်ကိုရှင်းရှင်းလင်းလင်းသိရှိစေမည်ဖြစ်သည်ဟု ကျွမ်းကျင်သူများကပြောထားသည်။

ထိုင်းနိုင်ငံအနေဖြင့် လိုအပ်သော စွမ်းအင်အရင်းအမြစ်များအတွက် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့အပေါ် ၈၅ ရာခိုင်နှုန်းမှီခိုနေရသည်။

ထိုကဲ့သို့သော ရုပ်ကြွင်းလောင်စာများအပေါ် အလွန်အမင်းမှီခိုနေရသောနိုင်ငံများအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုအတွက် အခွန်ကောက်ခံခြင်းကို မဖြစ်မနေလုပ်ဆောင်သင့်ကြောင်း ကျွမ်းကျင်ပညာရှင်တစ်ဦးကပြောသည်။

"လေထုကအခုမဲ့ဖြစ်ပါတယ်။ လူတွေကသာ ညစ်ညမ်းအောင်လုပ်နေကြတာပါ။ ညစ်ညမ်းစေတဲ့အရာကလည်း ကာဗွန်ဒိုင်အောက်ဆိုက်ဖြစ်တဲ့အခါ လေထုကလည်းပူနွေးလာပြီး ရေကြီးမှုတွေ၊ မုန်တိုင်းတွေ၊ အပူလှိုင်းတွေ၊ တောမီးလောင်မှုတွေက အရှေ့တောင်အာရှဒေသကို ကသောင်းကနင်းဖြစ်စေပြီးပါပြီ" ဟု ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည့် ဒေါက်တာဗီနော့သောမတ်ကပြောသည်။

အခွန်အနေဖြင့် ဒီဇယ်နှင့်ဓာတ်ဆီကဲ့သို့သော ရေနံလောင်စာစွမ်းအင်သုံးပစ္စည်းများအတွက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တစ်တန်လျှင် ဘတ် ၂၀၀ ကောက်ခံသွားမည်ဖြစ်သည်။

ထို့ပြင် လက်ရှိကောက်ခံနေသော ရေနံထွက်ကုန်အတွက်အခွန်ကိုပင် ကာဗွန်အတွက်အခွန်အဖြစ်ပြောင်းလဲကောက်ခံခြင်းဖြစ်သောကြောင့် ရေနံထွက်ကုန်အသုံးပြုသူများအပေါ် မည်သည့်အပိုဆောင်းကုန်ကျမှုမျှရှိစေမည်မဟုတ်သည့်အပြင် မည်သည့်ဥပဒေအသစ်မျှလည်းမလိုအပ်ပေ။

စင်ကာပူနိုင်ငံက ၂၀၁၉ ခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုအတွက် ထိုဓာတ်ငွေ့တစ်တန်လျှင် စင်ကာပူ ဒေါ်လာ ၅ ဒေါ်လာသတ်မှတ်ခဲ့ရာ ယခုနှစ်မှစ၍ ၂၅ ဒေါ်လာအထိ တိုးမြှင့်သတ်မှတ်လိုက်ပြီဖြစ်သည်။ ယခုကဲ့သို့ အခွန်နှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်းသည် ဝင်ငွေပိုမိုတိုးပွားစေရေးအတွက် လုပ်ဆောင်ခြင်းမဟုတ်ဘဲလေထုညစ်ညမ်းစေသည့် ဓာတ်ငွေ့များထွက်ရှိမှုကို လျှော့ကျစေလိုသည့်ဆန္ဒသာရှိကြောင်း ကျွမ်းကျင်ပညာရှင်များကပြောထားသည်။

***Ref: JB***

***K.H***

# TECHNOLOGY

## လိပ်ထားသောကာဗွန်နာနိုအချောင်းလေးများက သာမန်ဘက်ထရီထက် စွမ်းအင်သုံးဆသိမ်းဆည်းနိုင်

လိပ်ထားသောကာဗွန်နာနိုအချောင်းလေးများက သာမန်လီသီယံအိုင်းယွန်းဘက်ထရီများထက် စွမ်းအင်သုံးဆပိုမိုသိမ်းဆည်းနိုင်သည်ကို ဂျပန်နှင့် အမေရိကန်သုတေသနပညာရှင်များက လက်တွေ့ပြသလိုက်နိုင်သည်။

အဆိုပါကာဗွန်အချောင်းလေးများသည် အရွယ်အစားအားဖြင့် နာနိုမီတာမျှသာရှိပြီး ကာဗွန်အက်တမ်အလွှာတစ်ခုတည်းနှင့်ဖန်တီးထားခြင်းဖြစ်သည်။

ဂရပ်ဖင်းဟုလည်းခေါ်သည့် အဆိုပါကာဗွန်အပြားများသည် အလေးချိန်အားဖြင့် အလွန်ပေါ့ပါးသည့်အပြင် သံမဏိထက်ပင်ပိုမိုခိုင်ခံ့မှုရှိသည်။

ဂျပန်နိုင်ငံ ရှင်းရှူတက္ကသိုလ်မှ သုတေသနပညာရှင်တစ်ဦးဖြစ်သည့် ဆန်ဂျိကူးမားအုဂျိန်းက အမေရိကန်ရှိ မယ်ရီလန်းဘာတီမိုးတက္ကသိုလ်မှ ပညာရှင်များနှင့်ပူးပေါင်းကာ ကလေးကစားစရာများတွင်ထည့်သည့်ဘက်ထရီနှင့်တွဲဖက်အသုံးပြုရသော စပရိန်ကိုကြည့်၍ ယခုကဲ့သို့သော စွမ်းအင်ပိုမိုသိမ်းဆည်းနိုင်သည့် ကာဗွန်နာနိုအချောင်းလေးများကို တီထွင်ခြင်းဖြစ်သည်။

ထိုကာဗွန်နာနိုအချောင်းလေးများသည် လီသီယံအိုင်းယွန်းဘက်ထရီများထက် စွမ်းအင်ပိုမိုသိမ်းဆည်းနိုင်သည်သာမက အပူချိန် အနုတ် ၆၀ ဒီဂရီစင်တီဂရိတ်မှ ရေဆူမှတ်ဖြစ်သည့် ၁၀၀ ဒီဂရီစင်တီဂရိတ်အတွင်း ကောင်းစွာအလုပ်လုပ်နိုင်စွမ်းရှိသည်။

***Ref: IE***

***K.H***

## အီလွန်မက်၏ ထူးကဲအမြင်ရှိကိရိယာတီထွင်မှုက အန္တရာယ်များ



ဘီလျံနာသူဌေးကြီး အီလွန်မက်၏ထူးကဲအမြင်ရှိကိရိယာတီထွင်မှုက အန္တရာယ်များကြောင်း သုတေသနပညာရှင်များက ဝေဖန်ထောက်ပြလိုက်သည်။

အီလွန်မက်၏တီထွင်မှုမှာ ဦးနှောက်အတွင်း ကိရိယာထည့်မှုနည်းပညာဖြစ်ပြီး ထိုနည်းပညာဖြင့်ခွဲစိတ်မှုခံယူသည့်သူများမှာ သာမန်လူသားများထက်ထူးကဲသည့် အမြင်အာရုံစွမ်းအင်ကို ရရှိစေမည်ဖြစ်သည်။

အီလွန်မက်၏ နျူရယ်လင့်ကုမ္ပဏီက မျက်မမြင်လူသားများ အမြင်အာရုံပြန်လည်ရရှိစေရန်ရည်ရွယ်သည့်အနေဖြင့် ဦးနှောက်တွင်းထည့်ကိရိယာများကို တီထွင်ဖန်တီးနေခြင်းဖြစ်သည်။

ယခုအခါ အဆိုပါကိရိယာများကို မျောက်များဖြင့်စမ်းသပ်နေပြီဖြစ်ကြောင်း၊ ကနဦးတွင်မြင်ရသည့်အရာသည် ကြည်လင်မှုမရှိသော်လည်း နောက်ပိုင်းတွင်မူ လူသာမန်တို့၏အမြင်ထက် ပိုမိုထူးခြားနေမည်ဟု အီလွန်မက်ကပြောထားသည်။

သို့သော် အဆိုပါတီထွင်မှုသည် အန္တရာယ်များသည်ဟုပြောရမည်ဖြစ်ကြောင်း၊ ထိုသို့သောလုပ်ဆောင်မှုက လူသားတို့၏ဇီဝဗေဒအရကန့်သတ်ချက်ရှိကြောင်း ဝါရှင်တန်တက္ကသိုလ်မှ စိတ်ပညာပါမောက္ခ အိုင်ယိုးနီးဖိုင်းကပြောသည်။

အဓိကအားဖြင့် ထူးကဲအမြင်ရှိစေရန်ဆိုသည်မှာ မျက်စိမှရရှိသောအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာမှုပြုသည့် ဦးနှောက်၏တစ်နေရာတွင် အလွန်သေးငယ်လှသော လျှပ်ခေါင်းသန်းပေါင်းများစွာကို ထည့်ခြင်းဖြင့် ရရှိလာခြင်းဖြစ်နိုင်ကြောင်း၊ သို့သော် ဇီဝဗေဒနည်းအရဆိုလျှင် ကန့်သတ်ချက်ရှိသည့်အပိုင်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ဦးနှောက်၌ပုံရိပ်တစ်ခုကိုပုံဖော်မြင်ရခြင်းဆိုသည်မှာ ဦးနှောက်တွင်းထည့်ကိရိယာကလုပ်ဆောင်သကဲ့သို့ ကလာပ်စည်းတစ်ခုချင်းစီကိုနှိုးဆွရုံသာမက ဇီဝဗေဒနည်းအရဖြစ်သော နျူရယ်ကုတ်များကိုဖန်တီးမှုကြောင့်လည်းပါဝင်သည်။

ထို့ကြောင့် မျက်စိမမြင်သူတစ်ဦးတွင်ရှိသည့် မှန်ကန်သောနျူရယ်ကုတ်များကို ရှာဖွေရန်ဆိုသည်မှာ သိပ္ပံပညာရှင်များအတွက် နည်းနည်းလေးမှပင်နီးစပ်မှုမရှိကြောင်း ၎င်းကပြောထားသည်။ ***Ref: F24***

***K.H***

ဂျကာတာ၊ ပြည်တွင်းရေး

## အင်ဒိုနီးရှားက ဆေးလိပ် တစ်လိပ်ချင်းရောင်းချမှုကို တားမြစ်

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက နိုင်ငံအတွင်းဆေးလိပ်တစ်လိပ်ချင်းရောင်းချမှုကို တားမြစ်သည့်ဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုလိုက်ပြီဖြစ်ကြောင်း ဇူလိုင်လ ၃၀ ရက်တွင် အစိုးရဝက်ဆိုက်တစ်ခု၌ ဖော်ပြထားသည်။

ထို့အတူ စာသင်ကျောင်းများ၊ ကလေးကစားကွင်းများအနီးရှိ အရောင်းစက်များ၌ စီးကရက်များရောင်းချခြင်းကိုလည်း အဆိုပါဥပဒေက တားမြစ်ထားသည်။

ယင်းအပြင် အသက် ၂၁ အောက်ရှိ လူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုလည်း စီးကရက်ရောင်းချခြင်းမပြုရန် ဥပဒေကတားမြစ်ထားသည်ကို တွေ့ရသည်။

သို့သော် ရောင်းချမှုတားမြစ်သည့်အထဲတွင် ဆေးပြင်းလိပ်များနှင့် အီး-စီးကရက်များမပါဝင်ကြောင်း ဥပဒေတွင်ဖော်ပြထားသည်။ ယင်းသို့ခွင့်ပြုထားသော်လည်း ကျန်းမာရေးဆိုင်ရာ ဖော်ပြချက်များပါရှိရမည်ဟု သတ်မှတ်ထားကြောင်း သိရသည်။ *Ref: Xinhua*

ဆိုး၊ ရာသီဥတု

## တောင်ကိုရီးယားနိုင်ငံ၌ အပူလှိုင်းဖြစ်တတ်မှု ဆက်လက်တည်ရှိမည်



တောင်ကိုရီးယားနိုင်ငံ၌ အပူလှိုင်းဖြစ်တတ်မှုသည် ယခုသီတင်းပတ်အတွင်း ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ကိုရီးယားမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

သို့သော် ဒေသအချို့တွင်မိုးအနည်းငယ်ရွာသွန်းနိုင်သော်လည်း မိုးရေချိန်နည်းပါးနိုင်ကြောင်းနှင့် နေ့အပူချိန်များမှာ ပျမ်းမျှအားဖြင့် ၃၆ ဒီဂရီစင်တီဂရိတ်အထိရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

အလားတူ ညအပူချိန်များသည်လည်း ဆက်လက်မြင့်တက်နေမည်ဖြစ်ပြီး ဂန်ဝမ်ပြည်နယ်၌ အနိမ့်ဆုံးညအပူချိန်မှာ ၃၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြစ်ကာ ထိုအခြေအနေသည် ၂၀၀၈ ခုနှစ် ဩဂုတ်လမှစ၍ အပူဆုံးသောညများ ဖြစ်လာမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ဆိုး၊ အင်ချွန်းနှင့် ဒယ်ဂူးကဲ့သို့ မြို့ကြီးများတွင် ညအပူချိန်မှာ ၂၇ ဒသမ ၂၊ ၂၆ ဒသမ ၆ နှင့် ၂၆ ဒသမ ၃ ဒီဂရီစင်တီဂရိတ်စီအသီးသီးတည်ရှိနေမည်ဟု မိုးလေဝသဌာနကခန့်မှန်းထားသည်။

ယခုကဲ့သို့ အပူချိန်များမြင့်မားလာမှုနှင့်အတူ အပူကြောင့်ဖြစ်သည့်ဝေဒနာခံစားရသူများမှာလည်း အလွန်များပြားလာပြီး ဇူလိုင်လ ၂၉ ရက်အထိ ခြောက်ရက်တာကာလအတွင်း လူနာ ၂၈၉ ဦးအထိရှိလာသည်။ *Ref: TKH*

အစ္စလာမ်မာဘတ်၊ ပဋိပက္ခ

## ပါကစ္စတန်၌ နယ်မြေလုအချင်းများရာမှ ရန်ပွဲများဖြစ်ပွားမှုကြောင့် ၄၄ ဦးသေဆုံးပြီး ၁၇၇ ဦးဒဏ်ရာရ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ အုပ်စုနှစ်ခုကြား နယ်မြေလုမှုကြောင့် အချင်းများရာမှ လက်နက်များပါလာသည့် ရန်ပွဲများဖြစ်ပွားမှုကြောင့် လူ ၄၄ ဦး သေဆုံးပြီး ၁၇၇ ဦး ဒဏ်ရာရရှိကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးက ဇူလိုင်လ ၂၉ ရက်တွင်ပြောသည်။

အဆိုပါဖြစ်စဉ်သည် ခိုင်ဘာပက်တန်ခွာပြည်နယ် ကာရန်ခရိုင်၌ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းရန်ပွဲကြောင့် ဒဏ်ရာရရှိသူများသည် စိုးရိမ်ရသည့် အခြေအနေရှိသည့်အတွက် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်သည်ဟု ဆေးရုံအုပ်မီယာဟက်ဆန်က ပြောသည်။

အုပ်စုနှစ်ခုကြား နယ်မြေလုရာမှစတင်သောရန်ပွဲတွင် လက်နက်ငယ်များသာမက လက်နက်ကြီးတချို့လည်း ပါဝင်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကနဦးဖြစ်စဉ်မှာ မာလီခယ်နှင့် မန်ဂယ်မျိုးနွယ်စုနှစ်စုရှိရာ ဘိုရှေးရာကျေးရွာ၌ နယ်မြေလုရာမှ ရန်ဖြစ်ခြင်းဖြစ်ပြီး ထိုရန်ပွဲသည် ကာရန်ခရိုင်တစ်ခုလုံးအထိပျံ့နှံ့သွားခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူက ဆက်ပြောသည်။

ရန်ပွဲများရပ်ရန် မျိုးနွယ်စုကိုယ်စီမှ လူကြီးသူမများနှင့်တာဝန်ရှိသူများက ဖျန်ဖြေဖျောင်းဖျသော်လည်း နှစ်ဖက်အဖွဲ့ကြားရန် ပြေငြိမ်းခြင်းမရှိခဲ့ပေ။

ထို့ကြောင့် ဒေသတွင်းရှိ စာသင်ကျောင်းများနှင့် ပညာရေးဌာနများကို အချိန်အကန့်အသတ်မရှိပိတ်ထားရသည့်အပြင် ပြည်သူများ၏ နေ့စဉ်နေထိုင်မှုဘဝအပေါ်လည်း ထိခိုက်မှုများရှိလာကြောင်း သတင်းဌာနတစ်ခု၏ ထုတ်ပြန်ချက်အရ သိရသည်။ *Ref: Xinhua*

ဂျီနီဗာ၊ ကျန်းမာရေး

## ဂါဇာရှိကလေးငယ်များ ပိုလီယိုရောဂါပိုးကူးစက်ထားနိုင်ခြေ အလွန်များဟု WHO ထုတ်ပြန်

ဂါဇာရှိကလေးငယ်များသည် ပိုလီယိုရောဂါပိုးကူးစက်ထားနိုင်ခြေ အလွန်များကြောင်းနှင့် ယင်းသို့ဖြစ်ရခြင်းကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပိုလီယိုရောဂါကင်းစင်ရေး ဆောင်ရွက်ချက်ကို နှောင့်နှေးစေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဇူလိုင်လ ၃၀ ရက်တွင်ထုတ်ပြန်သည်။ မိလ္လာအညစ်အကြေးများတွင် ပိုလီယိုရောဂါပိုးများတွေ့ရှိရပြီးနောက် ဂါဇာဒေသ၌ ဒေသတွင်းပိုလီယိုကပ်ရောဂါဖြစ်ပွားနေပြီဟု ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင်လ ၂၉ ရက်နှောင်းပိုင်းတွင် ထုတ်ပြန်ထားသည်။

တစ်ကမ္ဘာလုံးတွင် ပိုလီယိုရောဂါဖြစ်ပွားမှုကင်းစင်လုနီးပါးဖြစ်နေပြီဖြစ်သော်လည်း ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့တွင် ဒေသတွင်းကပ်ရောဂါအသွင်ဖြင့်ရှိနေသေးကြောင်း၊ ဂါဇာ၏အိမ်နီးချင်းဖြစ်သည့် အီဂျစ်နှင့်အစ္စရေးအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှာ ပိုလီယိုရောဂါကူးစက်ပျံ့နှံ့နိုင်ခြေများသည့်စာရင်းတွင်ရှိနေဆဲဖြစ်ကြောင်း WHO ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂါဇာတွင် လူအများအပြားမှာ ပိုလီယိုရောဂါကူးစက်ခံထားရပြီဖြစ်နိုင်ကြောင်း၊ သို့သော် ရောဂါပိုး၏လက္ခဏာမပြသောအခြေအနေများအရ ရောဂါကူးစက်ခံထားရသူများကို ရှာဖွေတွေ့ရှိရန်ခက်ခဲကြောင်း WHO မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပိုလီယိုရောဂါသည် အလွန်ကူးစက်မြန်သည့်ရောဂါတစ်မျိုးဖြစ်ပြီး အဓိကအားဖြင့် ရောဂါပိုးက အာရုံကြောစနစ်အတွင်းသို့ ဝင်ရောက်ခြင်းကြောင့် ကလေးငယ်များတွင် အကြောသေခြင်းနှင့် သေဆုံးခြင်းတို့အထိ ဖြစ်စေနိုင်ကြောင်း သိရသည်။ *Ref: TST*



နယူးဒေလီ၊ သဘာဝဘေး

## ကီရာလာပြည်နယ်၌မြေပြိုမှုများကြောင့် သေဆုံးသူ ၁၀၀ နီးပါးထိမြင့်တက်လာ



အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ ဇူလိုင်လ ၃၀ ရက်တွင် မြေပြိုမှုများဖြစ်ပွားရာ သေဆုံးသူ ၁၀၀ နီးပါးအထိ မြင့်တက်လာကြောင်းနှင့် ၁၁၀ ကျော်ဒဏ်ရာရရှိထားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါမြေပြိုမှုများသည် လူအများအိပ်ပျော်နေသည့် ဒေသစံတော်ချိန်နံနက် ၂ နာရီဝန်းကျင်တွင် မက်ပါဒီအရပ်၌ ဖြစ်ပွားခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများကို ဒေသတွင်းရှိဆေးရုံသို့ ပို့ဆောင်ထားသည်ဟုတာဝန်ရှိသူကဆက်ပြောသည်။

အလားတူ မြေပြိုမှုများကြောင့် ကျေးရွာအများအပြားမှာ ဘေးသင့်သည့်ဒေသများဖြစ်လာကြောင်းနှင့် လူအများအပြားမှာ ချာလီယာမြစ်ထဲသို့ မျောပါသွားဖွယ်ရှိကြောင်း Xinhua သတင်းဌာနကဖော်ပြထားသည်။

သို့သော် India Today သတင်းဌာန၏ အွန်လိုင်းပေါ် ထုတ်ပြန်ချက်တစ်ခုတွင်မူ လူရာပေါင်းများစွာမှာ အပျက်အစီးများအောက်တွင်ပိတ်မိနေကြောင်း၊ အနည်းဆုံး လူ ၁၀၆ ဦးသေဆုံးပြီး ၁၂၈ ဦးဒဏ်ရာရရှိထားကြောင်းရေးသားထားသည်။

အိန္ဒိယတပ်မတော်မှ တပ်မတော်သားများက အပျက်အစီးများအောက်တွင်ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

အိန္ဒိယကြည်းတပ်က ၎င်းတို့အနေဖြင့် ဆေးတပ်ဖွဲ့များအပါအဝင် စစ်သည် ၂၂၅ ဦး စေလွှတ်ထားကြောင်းပြောသည်။ အလားတူ လေတပ်ကလည်း ရဟတ်ယာဉ်နှစ်စင်းဖြင့် ကယ်ဆယ်ရေးဆောင်ရွက်ပေးနေကြောင်း ပြောထားသည်။ *Ref: Xinhua*

ရန်ကုန် ဇူလိုင် ၃၀

# ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲတွင် ကနေဒါကြက်တောင်မယ်ကိုရှုံးနိမ့်ပြီး သက်ထားသူဇာ အုပ်စုအဆင့်မှထွက်ခွာခဲ့ရ




ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိနေသည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲ အုပ်စု(C)အုပ်စုပွဲစဉ်အဖြစ် ဇူလိုင်လ ၂၉ ရက် မြန်မာစံတော်ချိန် ည ၁၂ နာရီက ကနေဒါကြက်တောင်မယ် မီရှယ်လီလိုင်နှင့် မြန်မာကြက်တောင်မယ် သက်ထားသူဇာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှပင်ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၃၁) နေရာတွင်ရပ်တည်နေသည့် ကနေဒါကြက်တောင်မယ် မီရှယ်လီလိုင်သည် ကမ္ဘာ့အဆင့်(၄၃)နေရာတွင် ရပ်တည်နေသည့် သက်ထားသူဇာကို ပထမပွဲငယ်တွင် အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ၂၁ မှတ် ၁၆ မှတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် သက်ထားသူဇာက အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ၂၅ မှတ် ၂၃ မှတ်ဖြင့် မီရှယ်လီလိုင်က ထပ်မံအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာ ပထမပွဲစဉ်တွင် ဂျပန်ထိပ်တန်းကြက်တောင်မယ် ယာမာဂုချီကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ကနေဒါကြက်တောင်မယ် မီရှယ်လီလိုင်ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်းအသီးသီး ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှပင်ထွက်ခွာခဲ့ရသည်။

အလားတူ သက်ထားသူဇာနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြုပြီး အိုလံပစ်ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်နေသည့် ရေကူးကစားသမား ဖုန်းပြည့်ဟန်သည်လည်း အမျိုးသားမီတာ(၁၀၀၀)အလွတ်ကူးပြိုင်ပွဲ လူရွေးချယ်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၅၅ ဒသမ ၅၆ စက္ကန့်ဖြင့်သာ ပန်းဝင်ခဲ့ပြီး အဆင့်(၇၃)နေရာတွင်သာ ရပ်တည်ခဲ့သည့်အတွက် ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

**စည်သူအောင်**

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့် လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ–**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

ဇူလိုင်၊ ၂၀၂၄

- **ကျောဖုံးမှအဆက်**

ယနေ့လက်ရည်စစ်ပြိုင်ပွဲတွင် ၅၀ ဒသမ ၈၀ Kg (Fly Weight)ဝိတ်တန်း နှစ်ပွဲ၊ ၅၇ ဒသမ ၁၅ Kg(Feather Weight)ဝိတ်တန်း နှစ်ပွဲ၊ ၆၃ ဒသမ ၅၀ Kg(Super Light Weight)ဝိတ်တန်း နှစ်ပွဲ၊ ၇၂ ဒသမ ၅၇ Kg(Middle Weight) ဝိတ်တန်း တစ်ပွဲနှင့် ၇၉ ဒသမ ၃၈ Kg(Light Heavy Weight) ဝိတ်တန်း တစ်ပွဲ စုစုပေါင်းရှစ်ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

Japan Boxing Commission အဖွဲ့သည် ဩဂုတ်လတွင် ရန်ကုန်သို့လာရောက်မည်ဖြစ်ပြီး ယင်းအဖွဲ့တွင် ဒိုင်နှင့်နည်းပြများပါလာမည်ဖြစ်ကာ ဩဂုတ်လ ၂၁ ရက်တွင် လက်ရည်စစ်ပွဲတစ်ကြိမ်နှင့် အောက်တိုဘာလတွင် လက်ရည်စစ်ပွဲတစ်ကြိမ် ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ထို့နောက်တွင် ကစားသမားများအား ဂျပန်နိုင်ငံသို့စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ Boxing ကစားသမားများအနေဖြင့် မြန်မာ့လက်ဝှေ့နှင့်မွေထိုင်းလက်ဝှေ့တို့ကဲ့သို့ ဆုကြေးငွေများရရှိပြီး Professional အားကစားသမားများဖြစ်လာမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Boxing အားကစားနည်းပါဝင်သည့်အတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်းနှင့် ရွှေတံဆိပ်ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**ဝန်းရံခ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ပြန်လည်တည်ဆောက်ရေးနဲ့ တည်ငြိမ်လာပြီဖြစ်တဲ့ လှိုင်ကော်မြို့ကိုကြည့်ပြီး တပ်မတော်နဲ့အကြမ်းဖက် ဘယ်သူက တိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ"**ခေါင်းစဉ်ဖြင့် ၃၁-၇-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကူညီသူမဲ့နေသောပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၁၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၁ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော် ဇူလိုင် ၃၀

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ၎င်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Min Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်ရပ်ကွက်နေ မင်းစိုးအောင်(ခ)မင်းမင်းအား ည ၇ နာရီ ၄၀ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၃၀

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

နေပြည်တော် ဇူလိုင် ၃၀

## မိုးပိုနေမည်

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ (မိုး/ဇလ)


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### ဆေးရုံအုပ်ကြီးရုံး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အောက်ဖော်ပြပါနေရာများတွင် အရန်သင့်အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများရောင်းချရန်အတွက် နေရာငှားရမ်းဆောင်ရွက်ရန်စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ပင်မဆောင်မြေညီထပ် ၂၉' × ၁၇' ၆" အကျယ်ရှိ အခန်းနေရာ

(ခ) လမ်းမတော်လမ်းဝင်ပေါက်အနီးရှိ ၂၅' × ၁၆' အကျယ်ရှိသည့်မြေနေရာ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက် - ၂၉-၇-၂၀၂၄(တနင်္လာနေ့)

အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်/အချိန် - ၁၂-၈-၂၀၂၄(တနင်္လာနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

### အစုရှယ်ယာလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော် SHWE PADE THAR COMPANY LIMITED ဒါရိုက်တာ၏ အစုရှယ်ယာရှင်အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား သိန်း ၂၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းနှစ်ထောင်တိတိ)မှ ကျပ်သိန်း ၁၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ထောင်တိတိ)သို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**SHWE PADE THAR COMPANY LIMITED**
**09443199558**

### မတည်ရင်းနှီးငွေလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "Kaday Linn Company Limited" အစုရှယ်ယာရှင်များ၏ (၃၀-၇-၂၀၂၄)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ရင်းနှီးငွေအား ကျပ် ၁၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ထောင်)တိတိမှ ကျပ် ၁၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ရာ)တိတိသို့ လျှော့ချသွားရန် အစုရှယ်ယာရှင်အားလုံးမှ အများသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**"Kaday Linn Company Limited" Ph:09772353396**

### မတည်ရင်းနှီးငွေလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "We Panda Myanmar Import-Export Co.,Ltd." အစုရှယ်ယာရှင်များ၏ (၃၀-၇-၂၀၂၄)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ရင်းနှီးငွေအား ကျပ် ၁၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ထောင်)တိတိမှ ကျပ် ၁၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ရာ)တိတိသို့ လျှော့ချသွားရန် အစုရှယ်ယာရှင်အားလုံးမှ အများသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**"We Panda Myanmar Import-Export Co.,Ltd." Ph:09791613168**

### မြို့ကွက်သစ်အပိုင်း(ဈ)မြေကွက် ပိုင်ဆိုင်မှုကြော်ငြာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ပေါ်တွင် မြေကွက်အမှတ် (ဈ/၄၄၃)နှင့် (ဈ/၄၄၄) ၂ ကွက်သည် ဦးမျိုးကျော်သူ ၈/စလန(နိုင်)၀၁၁၄၃၀ မှ ပိုင်ဆိုင်ကြောင်း မြေပေးမိန့်(မူရင်း)နှင့်တကွ ကော်မတီအဖွဲ့သို့ တင်ပြလာသဖြင့် ကန့်ကွက်လိုသူများရှိပါက (၁၅)ရက်အတွင်း မြေပေးမိန့်(မူရင်း)နှင့် အခြားပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် ဤကော်မတီရုံးသို့ ကန့်ကွက်လွှာတင်ပြနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ(ဈ)မြေကွက်ပူးပေါင်းဖော်ဆောင်ရေးကော်မတီ**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ. ထ. က(ခွဲ)၊ အ. လ. က(၃) Grade-12 သင်ဆဲမှ မဖြူဖြူဆွေ၏ဖခင် ဦးဌေးအောင်၏ အမည်မှန်မှာ ဦးဇော်ဇော် ၁၀/ကထန(နိုင်)၀၅၂၆၇၉ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ. ထ. က(၁) Grade-12 သင်ဆဲမှ မသင်းရူပါဖြိုး၏ဖခင် ဦးဇော်ဝင်းကြိုင်၏အမည်မှန်မှာ ဦးဇော်ဝမ်းကြိုင် ၈/တတက(နိုင်)၁၂၂၂၉၀ ဖြစ်ပါကြောင်း။ **ဦးဇော်ဝမ်းကြိုင်**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ. ထ. က Grade-11(F) ကျောင်းဝင်အမှတ် ၁၂၁၇ မှ ပညာသင်ကြားနေသော အဘ ဦးစိုးနိုင် ၈/တတက(နိုင်)၁၄၃၇၉၄ ၏သား မောင်သန့်စင်ထွန်းအား မောင်သန့်ဇင်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သန့်ဇင်ထွန်း**

### အမည်မှန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းလားမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade-4(A) မှ အဘ ဦးအိုက်အွန်းပန် ၁၃/မလန(နိုင်)၀၀၀၉၉၂ ၏သား အမည်မှန်မှာ အိုက်စိုင်းလုံဖြစ်ပါကြောင်း။ **အိုက်စိုင်းလုံ**

### ပျောက်ဆုံးကြောင်း

ခင်စိုးလှိုင်(ဘ)ဦးမြကောင်း ၉/ဝတန(နိုင်)၁၉၀၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 675549)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၄၁၁၆၄၉၈**

### ပျောက်ဆုံးကြောင်း

နေလင်းအောင်(ဘ)ဦးခင်ဇော် ၁၂/မရက(နိုင်)၁၅၈၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 346761)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၁၁၀၃၅၈၁**

### ပျောက်ဆုံးကြောင်း

မေမီစိုး(ဘ)ဦးဇော်မင်းထွန်း ၁၂/မဂတ(နိုင်)၀၉၈၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 901100)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၅၇၀၀၀၇**

### ပျောက်ဆုံးကြောင်း

သန့်ဇော်အောင်(ဘ)ဦးဇော်ဝင်း ၁၂/လသယ(နိုင်)၀၇၀၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 562351)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၄၂၂၈၈၆၉**

### ပျောက်ဆုံးကြောင်း

အောင်မြတ်(ဘ)ဦးဝေလင်း ၁၁/စတန(နိုင်)၁၃၂၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 280345)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၉၆၆၉၇၄၁**

### ပျောက်ဆုံးကြောင်း

မြမြသန်း(ဘ)ဦးစံတင် ၇/ပမန(နိုင်)၀၄၁၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၃၅၃၉၇၃၃**

### ပျောက်ဆုံးကြောင်း

လွင်လွင်စိုး(ဘ)ဦးမောင်သန်း ၈/နမန(နိုင်)၂၀၃၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၃၅၃၉၇၃၃**

### ပျောက်ဆုံးကြောင်း

မနှင်းသန္တာ(ဘ)ဦးထွန်းငြိမ်း ၇/ကဝန(နိုင်)၁၇၇၉၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၅၃၀၁၂၇၉**

### ဖခင်အမည်မှန်

သုံးခွမြို့နယ်၊ အ. ထ. က(မြို့မ)၊ Grade -10 မှ မောင်လမင်းခန့်၏ဖခင်အမည်မှန်မှာ ဦးဘိုးဌေး ၁၂/သခန(နိုင်)၀၀၂၀၃၃ ဖြစ်ပါကြောင်း။ **ဦးဘိုးဌေး**

### ပျောက်ဆုံးကြောင်း

မေယမုံကိုကို(ဘ)ဦးဌေးမြင့် ၇/ဝမန(နိုင်)၂၂၈၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 392064)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၄၆၄၇၈၉**

### ပျောက်ဆုံးကြောင်း

သန်းနိုင်ဦး(ဘ)ဦးလှပြည့် ၉/နထက(နိုင်)၁၅၀၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 912385)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ငွန်ကျဲရ်စင်(ဘ)ဦးနိုးကျဲမ်ထန်း ၅/ကလထ(နိုင်)၃၃၈၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(768395)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

### ပျောက်ဆုံးကြောင်း

အောင်ကျော်ထွဋ်(ဘ)ဦးရဲထွဋ် ၇/သဝတ(နိုင်)၁၅၉၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 278828)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၀၇၄၆၁၀၃**

### ပျောက်ဆုံးကြောင်း

မြင့်လှိုင်(ဘ)ဦးစိုးမြင့် ၁၂/စခန(နိုင်)၀၈၃၅၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(735148)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၁၃၇၃**

### ပျောက်ဆုံးကြောင်း

စိုးသန့်မောင်(ဘ)ဦးဝင်းနိုင် ၅/ဒပယ(နိုင်)၁၆၁၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 072021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၄၂၀၈၅**

### ပျောက်ဆုံးကြောင်း

နွယ်နီလွင်(ဘ)ဦးစန်းလွင် ၇/ကဝန(နိုင်)၂၂၀၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၅၁၇၁၆၇၆**

### ပျောက်ဆုံးကြောင်း

ကျော်လွင်(ဘ)ဦးမာမက်နဇီး ၁၂/ဗတထ(နိုင်)၀၀၁၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၈၉၁၃၂**

### ပျောက်ဆုံးကြောင်း

ဟန်ဝေလင်း(ဘ)ဦးလားကပေါ ၇/ကဝန(နိုင်)၁၃၂၉၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(781325)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၃၉၉၃၂၉၈၂**

### ပျောက်ဆုံးကြောင်း

မင်းနိုင်ဦး(ဘ)ဦးဝင်းမြင့် ၇/ဖမန(နိုင်)၁၄၄၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ဇော်ဇော်နိုင်(ဘ)ဦးခင်မောင်ဝင်း ၁၂/ဥကတ(နိုင်)၁၆၂၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 228996)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၄၃၆၁၇၇၁**

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အောင်းကြီးကုန်းနေ မရွှေဇင်ဦး(ဘ)ဦးစိုးမြင့် ၈/တတက(နိုင်)၂၃၄၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 676110)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၂၈၀၃၂၃၇**

### ပျောက်ဆုံးကြောင်း

ပြည်မြို့၊ ဆံတော်ရပ်ကွက်နေ သက်နေဇော်(ဘ)ဦးဝင်းမောင် ၇/ပမန(နိုင်)၁၉၄၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊ ခင်လယ်လမ်း၊ (၁၁)ရပ်ကွက်နေ စည်သူဝင်း(ဘ)ဦးလှဝင်း ၇/တငန(နိုင်)၁၄၇၂၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပုံကျွန်းရပ်၊ ဒါနလမ်း၊ အမှတ်(၆၅၅)နေ အောင်မျိုးထက်(ဘ)ဦးအောင်မင်း ၆/ထဝန(နိုင်)၁၂၇၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၉၈၉၅၃၁**

### ပျောက်ဆုံးကြောင်း

စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်နေ မနုမြသန္တာ(ဘ)ဦးဗသိန်းမောင် ၁၁/စတန(နိုင်)၀၆၂၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 336210)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၂၀၀၅၉၀၁**

### ပျောက်ဆုံးကြောင်း

ချောစုလှိုင်(ဘ)ဦးဉာဏ်အောင် ၅/ဆလက(နိုင်)၀၆၀၃၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 589857)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**အလိမ္မာစာမှာရှိ**

# ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်လ၊ ဩဂုတ်လတို့တွင် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ (၁၄၄)ကြိမ်ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉) လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားလှသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ် သုံးပစ္စည်းများနှင့် အရေးပေါ် အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ် ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်း သတိပြုကြပါ၊

(ဂ) အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ဆက်သွယ်ရမည့်သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ် နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊

(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မြေပြိုဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြေပြိုဘေးအန္တရာယ်သည် ဇွန်လမှ ဩဂုတ်လတို့တွင်အဖြစ်များပြီး ကျန်ကာလများတွင်လည်း ရံဖန်ရံခါဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြေပြိုဘေးသည် ပစ္စည်းဥစ္စာဆုံးရှုံးမှု အလွန်နည်းပါးသော်လည်း လူသေဆုံးမှု၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားလှသည့်ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် မြေပြိုဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြေပြိုဘေးဖြစ်ပွားမှုအကြိမ်ရေ (၂၆)ကြိမ်ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၃၆)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး (၄၄)ဦး၊ ထိခိုက်/ဒဏ်ရာရရှိသူ(၁၂)ဦး ရှိခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မြေပြိုဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့် မြေပြိုခြင်းမဖြစ်မီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိပတ်ဝန်းကျင်ရှိ ဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ၊

(ခ) မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ၊

(ဂ) ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးပါ၊

(ဃ) သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရရပ်ရွာ လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ၊

(င) တောင်ကုန်းတောင်စောင်းတွင် နေထိုင်သူများအနေဖြင့် မိမိအိမ်ဝန်းကျင်ရှိ မြေပြိုမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် အိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပါ၊

(စ) မြေပြိုမှု၊ တောင်ပြိုမှုဖြစ်ပွားလေ့ရှိသောနေရာများကို ကြိုတင်လေ့လာထားပါ။ မြေပြိုမှုဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများကို သတိပြုပါ၊

(ဆ) မြေပြိုနိုင်သောနေရာများ(မတ်စောက်သော တောင်စောင်းများ၊ မြေပျော့သောနေရာများ၊ ရေဝပ်သောနေရာများ) တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသော လျှိုအနီးတွင် အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရ။

(ဇ) မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်-

- မိမိတို့၏ နေအိမ်တံခါးများ ဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း၊
- အိမ်၏ အုတ်နံရံများ အက်လာခြင်း၊
- ခြံစည်းရိုးများ နေရာရွှေ့လာခြင်း၊
- သစ်ပင်များ နေရာရွှေ့ခြင်း၊ စောင်းလာခြင်း၊
- မြေများအက်ကွဲခြင်းစသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန်လိုအပ်ပါသည်။

(ဈ) မြေပြိုတတ်သောနေရာများတွင်နေထိုင်သူဖြစ်ပါက အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ်ထားပါ၊

(ည) တောင်စောင်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သူများအနေဖြင့် မိမိတို့ဒေသတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကို သတိပြုပါ။

၅။ မြေပြိုမှုဖြစ်ပေါ် နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြေပြိုကျမှုဖြစ်နေသောနေရာများအနီးသို့ မလိုအပ်ဘဲ မသွားပါနှင့်၊

(ခ) မြေပြိုကျမှုဖြစ်နေသော နေရာများတွင်ရောက်နေပါက တတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ပြေးပါ။ အမြန်ဆုံးမရှောင်ခွာနိုင်ပါက နီးစပ်ရာခိုင်ခံ့သောနေရာ၊ အဆောက်အအုံများတွင် ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့်လူနှင့်ယာဉ်များအားအသိပေးပါ။

၆။ မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) မြေပြိုထားသောပတ်ဝန်းကျင်၊ အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဝေးဝေးနေပါ၊ မြေပြိုခြင်းဒဏ်ခံရသောနေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ၊

(ခ) မြေပြိုမှုကြောင့် ဒဏ်ရာရသူပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီး လိုအပ်သောအကူအညီများပေးပါ၊

(ဂ) မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။

(ဃ) မြေပြိုခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသားအစိုင်အခဲများ ပြိုကျစီးဆင်းလာနိုင်မှုတို့အား အထူးသတိပြုနေထိုင်ပါ၊

(င) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(စ) မြေပြိုထားသောနေရာများ၌ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ တာဝန်ရှိသူများ၏လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ၊

(ဆ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဗိုလ်လောင်းလျှောက်လွှာများ
## အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




### ပျောက်ဆုံးကြောင်း
မသင်းသင်းခိုင်(ဘ)ဦးထွန်းကြိုင် ၁၀/သထန(နိုင်)၁၁၈၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မောင်ဇော်ဦး(ဘ)ဦးရီ ၁၀/လမန(နိုင်)၀၁၆၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မောင်အောင်သူရရှိန်း(ဘ)ဦးအောင်သန်းဝင်း ၁၀/သဖရ(နိုင်)၁၈၁၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မဆုရတနာထက်(ဘ)ဦးကျော်ကျော်လင်း ၁၀/ကထန(နိုင်)၁၈၂၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မောင်လင်းလင်းပိုင်(ဘ)ဦးနန်းရွှေ ၁၀/သဖရ(နိုင်)၁၈၀၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
ဒေါ်ငွေသိန်း(ဘ)ဦးအောင်သိန်း ၁၀/မဒန(နိုင်)၀၀၂၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင်တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer(BOT) ပုံစံဖြင့် နိုင်ငံတကာအဆင့်မီပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှုစသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါနိုင်ငံတော်ပိုင်မြေတွင် အထက်ဖော်ပြပါဦးစားပေးအထူးကုဘာသာရပ်များဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာအား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/Soft copy (Word file) များဖြင့် (၂-၉-၂၀၂၄) ရက်နေ့ ညနေ (၄း၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရယူရန်နှင့် ဆက်သွယ်ရန်လိပ်စာ**

ပုဂ္ဂလိက ကျန်းမာရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း- ၀၆၇ ၃၄၁၁၀၆၉၊ ၀၆၇ ၃၄၁၁၆၃၀
Email-privatehealthdivision@gmail.com

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်**
**ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်**
**အကောင်အထည်ဖော်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ပင်လောင်းမြို့၊ ဘုရားဖြူအုပ်စု၊ လှည်းကုန်းရွာနေ နန်းခမ်းအောင်(ဘ)ဦးမောင်ငွေ ၁၃/ပလန(နိုင်)၁၂၆၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 270222)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## ဒုတိယဦးစီးမှူးရာထူး(၁၅)နေရာအတွက်
## စာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာခြင်း

၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ၂၂-၅-၂၀၂၄ ရက်နေ့၌ မြန်မာ့အလင်းနှင့် မြဝတီသတင်းစာများတွင် ကြော်ငြာခေါ်ယူခဲ့သော ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၁၅)နေရာအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့်ခုံအမှတ်များအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ website:www.mopf.gov.mm၊ ဌာန၏ website:www.frd.gov.mm နှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ရုံးချုပ်(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးများ၏ ကြော်ငြာသင်ပုန်းတို့တွင် ၁-၈-၂၀၂၄ ရက်နေ့မှစ၍ ကြေညာထားမည်ဖြစ်ပါသဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၂၄၂ သို့လည်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်နှင့် ဖြေဆိုရမည့်နေရာအား အထက်ဖော်ပြပါ Website များနှင့် ကြော်ငြာသင်ပုန်းတို့တွင် ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(အခြား)ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့်
## Reference Books နှင့် Software များဝယ်ယူရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(အခြား)ခွင့်ပြုရန်ပုံငွေဖြင့် Reference Books နှင့် Software များ ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန (ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင်(၃၁-၇-၂၀၂၄)ရက်နေ့မှ (၁၃-၈-၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို (၁၃-၈-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

မန်ချက်စတာ၊ ဇူလိုင် ၃၀

# မန်ယူအသင်းက ပရိသတ်ဦးရေ တစ်သိန်းဝင်ဆံ့နိုင်သည့် အားကစားကွင်းသစ် တည်ဆောက်ရန် ပြင်ဆင်လျက်ရှိ




မန်ယူအသင်းက လက်ရှိအိမ်ကွင်းအဖြစ် အသုံးပြုနေသည့် အိုးထရက်ဖို့ဒ်အားကစားကွင်းကို ဖြိုချပြီး ပရိသတ်ဦးရေ တစ်သိန်းဝင်ဆံ့နိုင်သည့် အားကစားကွင်းသစ်ကို တည်ဆောက်ရန်အတွက် ပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်ဖ်က ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်ဖ်က အသင်းရှယ်ယာများကို ဝယ်ယူခဲ့စဉ်ကတည်းက အိမ်ကွင်းနှင့်အသင်းလေ့ကျင့်ရေးကွင်းတို့ကို အဆင့်မြှင့်တင်မှုများပြုလုပ်ရန် ပြင်ဆင်ထားပြီး အစောပိုင်းက အသင်းအိမ်ကွင်း အိုးထရက်ဖို့ဒ်ကိုမဖြိုချဘဲ အဆင့်မြှင့်တင်မှုများပြုလုပ်ရန်သာ စီစဉ်ထားသော်လည်း ယခုအခါ အသင်းအိမ်ကွင်းကို ဖြိုချပြီး အသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်နေခြင်းဖြစ်သည်။

မန်ယူအသင်းက နှစ်ပေါင်း ၁၁၄ နှစ်ကြာ အသုံးပြုလာခဲ့သည့် အသင်းအိမ်ကွင်းအိုးထရက်ဖို့ဒ်သည် တချို့နေရာများတွင် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ရန် လိုအပ်နေသည့်အတွက် ပြန်လည်အဆင့်မြှင့်တင်မှုများလုပ်ဆောင်လျှင်လည်း စတာလင်ပေါင် နှစ်ဘီလီယံခန့်ကုန်ကျနိုင်သည့် အခြေအနေများကြောင့် အဆင့်မြှင့်တင်မှုလုပ်ဆောင်ရန်ထက် ပရိသတ်ဦးရေ တစ်သိန်းဝင်ဆံ့နိုင်သည့် အားကစားကွင်းသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်နေခြင်းဖြစ်သည်။

မန်ယူအသင်းအနေဖြင့် ပရိသတ်ဦးရေ တစ်သိန်းဝင်ဆံ့နိုင်သည့်အားကစားကွင်းသစ်ကိုတည်ဆောက်နိုင်ခဲ့ပါက အင်္ဂလန်နိုင်ငံ၌ အကြီးဆုံးအားကစားကွင်းဖြစ်သည့် ဝင်ဘာလေအားကစားကွင်းကိုကျော်ဖြတ်ပြီး အကြီးဆုံးအားကစားကွင်းဖြစ်လာမည့်အပြင် ကမ္ဘာတွင်လည်း ပရိသတ်ဦးရေ ၁၀၅၀၀၀ ဝင်ဆံ့နိုင်သည့် ဘာစီလိုနာအသင်း၏ အိမ်ကွင်းသစ်ကြီးပြီးလျှင် ဒုတိယမြောက် အကြီးဆုံးအားကစားကွင်းအဖြစ်လည်း မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Daily Mail*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➤ အာဆင်နယ်အသင်းက ဘိုလော့ဂ်နာအသင်း ခံစစ်ကစားသမား ရီကာဒိုကာလာဖီအိုရီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၂ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ပြီး အသင်းတွင် ကျောနံပါတ် (၃၃) ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

➤ စီးရီးအေသို့ တန်းတက်လာနိုင်ခဲ့သည့် နည်းပြ ဖာဘရီဂတ်စ်၏ ကိုမိုအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကစားသမားနှစ်ဦးဖြစ်သော ဂိုးသမား နာဗက်နှင့် ခံစစ်ကစားသမား ဗာရန်းတို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

➤ ဖူလ်ဟမ်အသင်းက အာဆင်နယ်အသင်း လူငယ်တောင်ပံကစားသမား စမစ်ရိုးလ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၇ သန်းအပြင် အပိုဆုကြေး စတာလင်ပေါင် ခုနစ်သန်းဖြင့် ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

➤ မန်ယူအသင်းက ဘိုင်ယန်မြူးနစ်အသင်း ခံစစ်ကစားသမား မာ့ဇ်ရာဝီကို ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

➤ ပီအက်စ်ဂျီအသင်းက ကွင်းလယ်ကစားသမား အူဂါတီအတွက် ယူရို ၅၉ သန်း သတ်မှတ်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

လန်ဒန်၊ ဇူလိုင် ၃၀

# လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေသည့်အတွက် ဂျီနိုအာအသင်းနှင့် ဂိုးသမား ဒီဂီယာတို့ ဆွေးနွေးမှုပျက်ပြယ်ခဲ့ရပြီး ကစားသမားဘဝမှ အနားယူရန်နီးစပ်နေ

ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဂိုးသမား ဒီဂီယာသည် စီးရီးအေကလပ် ဂျီနိုအာအသင်းသို့ ပြောင်းရွှေ့ကစားရန် ပြီးခဲ့သည့်ရက်ပိုင်းက ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သော်လည်း လုပ်ခလစာညှိနှိုင်းမှု အဆင်မပြေသည့်အတွက် ဆွေးနွေးမှုများပျက်ပြယ်ခဲ့ပြီးနောက် ဒီဂီယာအနေဖြင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

ဂိုးသမားဒီဂီယာသည် ၂၀၂၃ ခုနှစ် ဇွန်လက မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် တစ်နှစ်ကျော်ကြာ ကလပ်အသင်းလက်မဲ့ဖြစ်နေပြီး ၎င်းကို ပရီးမီးယားလိဂ်ကလပ်အသင်းတချို့က ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း ၎င်းကိုယ်တိုင်က အသင်းဟောင်းမန်ယူအသင်း၏ပြိုင်ဘက်အသင်းထံ မပြောင်းရွှေ့လိုသည့်အတွက် ငြင်းပယ်ခဲ့သည်။

ဂိုးသမားဒီဂီယာကို ဆော်ဒီပရိုလိဂ် ထိပ်တန်းကလပ်အသင်းများနှင့် မေဂျာလိဂ်ကလပ်အသင်းများက ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း ၎င်းကိုယ်တိုင်က ဥရောပမှ ကလပ်အသင်းတစ်သင်းတွင်သာကစားလိုသည့်အတွက် တခြားကမ်းလှမ်းမှုများကိုပယ်ချခဲ့ခြင်းဖြစ်သည်။

ဒီဂီယာကိုယ်တိုင်က အစောပိုင်းကတည်းက လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းသစ်ရှာဖွေနိုင်ခြင်းမရှိပါက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားသည့်အတွက် အသင်းသစ်မရှာဖွေနိုင်ပါက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖွယ်ရှိနေကြောင်း သိရသည်။ *Ref;The Athletic*

ပဲရစ်၊ အားကစား

# ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးမြားပစ်ပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်း ၁၀ ကြိမ်ဆက်ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိ



ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်မြားပစ်ပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းသည် ချန်ပီယံရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၁၀ ကြိမ်ဆက် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် အိုလံပစ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အကြိမ်ဆက်အများဆုံးရရှိထားသည့် အမေရိကန်ရေကူးအသင်း၏စံချိန်ကိုလိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်မြားပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တောင်ကိုရီးယားအမျိုးသမီးအသင်းနှင့် တရုတ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ရာ တောင်ကိုရီးယားအမျိုးသမီးအသင်းက ၅ မှတ် - ၄ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်သည့်အတွက် အိုလံပစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အမျိုးသမီးအသင်းလိုက် မြားပစ်ပြိုင်ပွဲတွင် ၁၀ ကြိမ်ဆက် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် အမေရိကန်ရေကူးအသင်း၏ စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားအမျိုးသမီးမြားပစ်အသင်းသည် အိုလံပစ်ပြိုင်ပွဲတွင် ၁၉၈၈ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဆိုးလ်အိုလံပစ်ပြိုင်ပွဲမှ စတင်ပြီး ၁၉၉၂ ခုနှစ်၊ ၁၉၉၆ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် လက်ရှိ ၂၀၂၄ ခုနှစ်ပြိုင်ပွဲတို့တွင် ချန်ပီယံရွှေတံဆိပ်ဆုကို ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Olympic.com*

ရန်ကုန်၊ စာဖတ်ရှိန်မြှင့်တင်ရေး

# အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်၌ ပြည်သူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ စာပေမှ ဗဟုသုတများစွာရရှိစေရန်နှင့် စာပေကို လက်ဝယ်အရောက်ဖတ်ရှုနိုင်စေရန်ရည်ရွယ်၍ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ဇူလိုင်လ ၃၀ ရက်တွင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်းတို့သို့ သွားရောက်၍ စာအုပ်၊ စာစောင်များ ငှားရမ်းပေးသည်။

ထိုသို့ စာအုပ်၊ စာစောင်များငှားရမ်းပေးရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများက ဗဟုသုတရရှိစေမည့် သုတ၊ ရသစာအုပ်များ ငှားရမ်းပေးပြီး နှစ်ပတ်ပြည့်လျှင် ယခင်ငှားရမ်းထားသည့်စာအုပ်များအား ပြန်လည်သိမ်းဆည်းစာရင်းသွင်းခြင်းနှင့် အသစ်ပြန်လည်ငှားရမ်းပေးလျက်ရှိသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသည် မြို့နယ်အတွင်းရှိ ကျောင်းများနှင့် ဌာနဆိုင်ရာရုံးများသို့ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**

ကျောက်ပန်းတောင်း၊ အသိပညာပေး

# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း)၌ Online Game Online ငွေကြေးလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း)နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ Online Game၊ Online ငွေကြေးလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၃၀ ရက်တွင် အဆိုပါကျောင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း) ဒုတိယကျောင်းအုပ်ကြီး ဦးဟန်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ပန်းတောင်းမြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူးအောင်ကျော်ထွန်းက လက်ရှိတွင် လူမှုကွန်ရက်ကိုအသုံးပြု၍ ဖြစ်ပေါ်လာသည့် Online Game၊ Online ငွေကြေးလိမ်လည်မှုများ များပြားလာကြောင်းနှင့် ၎င်းတို့မှ ဆက်သွယ်လာသည့်နည်းလမ်းများ၊ ကြိုတင်သတိပြုရှောင်ရှားရမည့် အချက်များ၊ မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါး၏သဘောသဘာဝ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယရဲမှူးအောင်ကျော်ထွန်းက ပြန်လည်ရှင်းလင်းပြောကြားပြီး စာပေဌာနမှူး ဒေါ်မြင့်မြင့်သက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ဒုတိယရဲမှူး အောင်ကျော်ထွန်းနှင့်တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

ကြို့ပင်ကောက်၊ ကျေးလက်ဖွံ့ဖြိုးရေး

# ကြို့ပင်ကောက်မြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖလံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်းဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင်လ ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖလံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဖလံကုန်းကျေးရွာတွင်းလမ်း အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ် ၇၉ ဒသမ ၆ သိန်း၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

စဉ့်ကိုင်၊ စိုက်ပျိုးရေး

# ယခုနှစ်စိုက်ပျိုးရာသီတွင် မိုးစပါး ဆီထွက်သီးနှံများနှင့် ဝါပန်းတိုင်အထွက်နှုန်းရရှိစေရေး မျိုးစေ့နှင့် သွင်းအားစုများပံ့ပိုးပေး



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယခုနှစ်စိုက်ပျိုးရာသီတွင် မိုးစပါး၊ ဆီထွက်သီးနှံများနှင့် ဝါပန်းတိုင်အထွက်နှုန်းရရှိစေရေး မျိုးစေ့နှင့် သွင်းအားစုများပံ့ပိုးပေးအပ်ပွဲကို ဇူလိုင်လ ၂၉ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ယာယီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဆွေဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများတက်ရောက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) ယာယီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်က မိုးစပါး၊ ဆီထွက်သီးနှံများနှင့် ဝါပန်းတိုင်အထွက်နှုန်းရရှိစေရေး မျိုးစေ့နှင့် သွင်းအားစုပံ့ပိုးပေးအပ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တအုံကျေးရွာအုပ်စု၊ တောမကျေးရွာအုပ်စုနှင့် အုန်းပင်ခြံကျေးရွာအုပ်စုရှိ စပါးစိုက်တောင်သူများ၊ တောမကျေးရွာအုပ်စု၊ တအုံကျေးရွာအုပ်စုနှင့် မုန်ပင်ကျေးရွာအုပ်စုရှိ နေကြာစိုက်တောင်သူများ၊ မီးသွေးဘုတ်ကျေးရွာအုပ်စုနှင့် ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စုရှိ ဝါစိုက်တောင်သူများအား တာဝန်ရှိသူများက မျိုးစေ့နှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ပြီး တောင်သူများကိုယ်စား ဝါစိုက်တောင်သူ ဦးကိုကိုချစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

နေပြည်တော်  ဇူလိုင်  ၃၀

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၂၆ ရက်နှင့် ၂၈ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁) လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Cable Wire (၂၃၀၀)မီတာ အပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၅၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၃)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် နယ်သာလန်နိုင်ငံထုတ် Starlink Standard Actuated Kit with Accessories (၃)စုံ အပါအဝင်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၈ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် မုန်လာဥနီကီလိုဂရမ် (၇၅၀) အပါအဝင်ကုန်ပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၅၀၀၀) နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၉ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့၊ မြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၉ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Coconut Fiber Bed Mattress (၇၀) ချပ်၊ ထိုင်းနိုင်ငံထုတ် Wai Wai ခေါက်ဆွဲခြောက် (၄၁၇၆)ဘူး၊ စင်ကာပူနိုင်ငံထုတ် Beer Flavour (၃၀၀၀)ကီလိုဂရမ် အပါအဝင်ကုန်ပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၇၆၁၁၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီးနှင့် Mitsubishi Canter (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၇၆၁၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၈ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင်လ ၂၆ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၆၅၁၁၁၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော်  ဇူလိုင်  ၃၀

## ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၃၀-၇-၂၀၂၄ | ၉၆ | ၃. ၇၈ | ၇-၇-၂၀၂၁ | ၈၁ | ၃. ၁၉ | ၁၂ |

---

ကျောဖုံးမှအဆက်

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ ၆ ပေခွဲခန့် (၁၉၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ)အထက်သို့ ၃ ပေခန့် (၉၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ ၄ ပေခန့် (၁၂၃ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ)အထက်သို့ ၆ ပေခန့် (၁၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ ၂ ပေကျော်ခန့် (၆၄ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ)အထက်သို့ ၂ ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော်ခန့် (၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက် သို့ ၁ ပေခန့် မြင့်တက်လာနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ)အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
Fresh LEMON
DAGON Lemon Barley Sparkling




ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO
PORTLAND CEMENT
OPC-BS-12-1996
STRENGTH CLASS 42.5 N
PRODUCT OF MEC
EXPORT QUALITY
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
RHINO CEMENT
PREMIUM QUALITY CEMENT




Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇




ပဒုမ္မာဆပ်ပြာ
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

❖ သို့ဖြစ်၍ ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)



## Professional Boxing
## လက်ရည်စစ်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

Professional Boxer များထွက်ပေါ်လာစေရန်ရည်ရွယ်ကာ Myanmar Boxing Federation ၏ ကူညီပံ့ပိုးမှုဖြင့် Myanmar Boxing Commission မှကျင်းပသည့် Professional Boxing လက်ရည်စစ်ပြိုင်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း(သုဝဏ္ဏ)၌ ကျင်းပသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ●

## စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော လှိုင်ကော်မြို့ ရပ်ကွက်များအတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများမှ လူမဆန်စွာပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြည်သူများအား ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

စာ - ၁၀ သို့

## မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပရာ ကချင်ယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ University အားကစားကွင်း၌ ဧရာဝတီရိန်းဂျားအသင်းနှင့် ကချင်ယူနိုက်တက် စာမျက်နှာ ၁၄ ကော်လံ ၁ ⏭

## ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ငဝန်မြစ်၊ တိုးမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အထက်သို့ ပေဝက်ကျော်ခန့် (၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စာမျက်နှာ ၃၀ ကော်လံ ၁ 🗗